ကြေးမုံ
The Mirror

၁၃၆၈ ခုနှစ်၊ တပို့တွဲလဆန်း ၁၃ ရက်၊ အင်္ဂါနေ့၊ (30-1-2007) (၅၂၁၈)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်း မြစ်သာရေလှောင်တမံ ဘက်စုံစီမံကိန်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (အပေါ်ပုံ)နှင့် မဏိပူရ ရေလှောင်တမံ ဘက်စုံစီမံကိန်းကို တွေ့ရစဉ်။ (အောက်ပုံ)

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း မြစ်သာရေလှောင်တမံနှင့် မဏိပူရရေလှောင်တမံ ဘက်စုံစီမံကိန်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး သတ်မှတ်ကာလထက် စီမံကိန်းလုပ်ငန်းများ စောလျင်ပြီးစီးရေး မှာကြား

နေပြည်တော် ဇန်နဝါရီ ၂၉

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် အတူ ဇန်နဝါရီ ၂၇ ရက် မွန်းလွဲပိုင်းတွင် မကွေးတိုင်း ဂန့်ဂေါမြို့နယ် ပြင်သာကျေးရွာအနီး မြစ်သာမြစ်ပေါ်၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၈)က တာဝန်ယူ တည်ဆောက်လျက်ရှိသည့် မြစ်သာ ရေလှောင်တမံ ဘက်စုံစီမံကိန်းသို့ ရောက်ရှိသည်။

ရှေးဦးစွာ စီမံကိန်းရှင်းလင်းဆောင်၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦးက မြစ်သာရေလှောင်တမံ ဘက်စုံစီမံကိန်းဆိုင်ရာ အချက်အလက်များ၊ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှုနှင့် လုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က ရေလှောင်တမံ စီမံကိန်းများမှ ရရှိသည့်

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✳

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၂၀-၁-၂၀၀၇
(အင်္ဂါနေ့)

ပေါင်းစည်းညီညွတ်မှုနှင့် ဖွံ့လုံ့လကို ဖော်ညွှန်းနေသည့် တိုင်းရင်းသားချစ်ကြည်ရင်းနှီးရေး ရထားလမ်းကြီးဖွင့်လှစ်

ဒေသဖွံ့ဖြိုးတိုးတက်ရေးတွင် လမ်းပန်းဆက်သွယ်မှု ချောမွေ့ကောင်းမွန်ရေးသည် အဓိကဖြစ်သည်။ နိုင်ငံတော်က ကားလမ်း၊ ရထားလမ်းသစ်ပေါင်းများစွာဖောက်လုပ်၍ တံတားပေါင်းများစွာကို တိုးချဲ့တည်ဆောက်ပေးလျက်ရှိရာ ပြည်သူများ လွယ်ကူစွာ ကူးသန်းဆက်သွယ်သွားလာနိုင်ကြပြီး ကုန်ထုတ်လုပ်မှု တိုးတက်ရေးနှင့် လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အကျိုးပြုနေပြီဖြစ်သည်။

ပခုက္ကူ-ဂန့်ဂေါ-ကလေး ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်း၏ ကျော-ရေမျက်နီရထားလမ်းပိုင်းနှင့် ပုံညာတောင် ဥမင်ဖွင့်ပွဲကို ဇန်နဝါရီလ ၂၇ ရက်နေ့က မကွေးတိုင်း ဂန့်ဂေါမြို့နယ်တွင် ကျင်းပခဲ့သည်။

ပုံညာတောင်ဥမင်နှင့် ကျော-ရေမျက်နီ ရထားလမ်းပိုင်းသည် ၂၇ မိုင်ရှိသည့် လမ်းပိုင်းဖြစ်ပြီး ဥမင်၏ အရှည်သည်ပင် တစ်မိုင်ကျော်ရှိသဖြင့် မြန်မာနိုင်ငံ၏ ရထားဥမင်လိုဏ်များအနက် အရှည်ဆုံးဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းတိုင်း ချောင်းဦးမှစတင်ခဲ့သည့် ပခုက္ကူ-ဂန့်ဂေါ-ကလေး ရထားလမ်းကြီးသည် ၂၇၇ မိုင်ကျော်ရှည်သည်။ ယခုအခါ အဆိုပါ ရထားလမ်း၏ ကျောနှင့်ရေမျက်နီအကြားရှိ ပုံညာတောင်တန်းကြီး၏ တားဆီးနေမှုကို ဥမင်လိုဏ် ဖောက်လုပ်နိုင်ခြင်းကြောင့် ရထားလမ်းတောက်လျှောက် ခရီးပေါက်သွားပြီဖြစ်သည်။

သဘာဝအတားအဆီး ပုံညာတောင်တန်းကြီး ကာဆီးထားသည့် အခက်အခဲများကို မြန်မာ့မီးရထားဝန်ထမ်းများ၊ တပ်မတော်သားများ၊ ဒေသခံပြည်သူများ၏ ပေါင်းစည်းညီညွတ်မှု စွမ်းပကားကြောင့် မကွေးတိုင်း ပခုက္ကူ၊ မြိုင်၊ မြို့ဆိုး၊ ဓနိုးပြား၊ ကျောမှ ပုံညာတောင် ဥမင်ကိုဖြတ်၍ ဂန့်ဂေါမြစ်သာချိုင့်ဝှမ်းမှသည် ချင်းပြည်နယ်၏ တံခါးပေါက် စစ်ကိုင်းတိုင်း ကလေးမြို့အထိ မီးရထားဖြင့် ခရီးသွားနိုင်ကြပြီဖြစ်သည်။

သို့ဖြစ်ရာ မြန်မာ့မီးရထားဝန်ထမ်းများ၏ အတတ်ပညာ၊ တပ်မတော်သားများ၏ လုပ်အား၊ ဒေသခံပြည်သူများ၏ ပေါင်းစည်းညီညွတ်မှုများကို ဖော်ညွှန်းနေသည့် ချောင်းဦး-ပခုက္ကူ- ဂန့်ဂေါ-ကလေး တိုင်းရင်းသား ချစ်ကြည်ရင်းနှီးရေး ရထားလမ်းကြီးသည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်သူများ၏ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို ထာဝရ အကျိုးပြုနေမည်သာ ဖြစ်ပါသည်။ ။

ပေးအပ်လှူဒါန်း

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်းတော်အတွင်း ကုန်းတော်မြတ်နေရာ၌ ဗုဒ္ဓဂယာ-အောင်မြေဗောဓိ၊ မဟာဗောဓိစေတီတော်မြတ်ပုံစံတူ-ဗုဒ္ဓဂယာ မဟာဗောဓိ သိမ်တော်မြတ်စေတီတော် တည်ထားကိုးကွယ်ရန်အတွက် ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ဈေးကြီးအရှေ့ရပ်ကွက် ရတနာပုံလမ်းနေ ဦးသိန်းဟန်-ဒေါ်ခင်မြင့်၊ သား ကိုအောင်မျိုးဟန်(ခ) ကိုဌေးအောင် မိသားစုက မဟာဗောဓိ သိမ်တော်မြတ်စေတီတော်အတွင်းရှိ ဘုရားခန်းအတွက် ငွေကျပ် ၇၀၀၀၀၀ကို နာယကအကျိုးတော်ဆောင် ဆရာတော် အောင်တော်မူ ဒေါက်တာအရှင်သုန္ဒရ (လုမ္ဗိနီ)ရှေ့မှောက်၌ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း မအူပင်ခရိုင်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများအား တွေ့ဆုံမှာကြား

ရန်ကုန် ဇန်နဝါရီ ၂၉

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် ဧရာဝတီတိုင်း မအူပင်ခရိုင်အတွင်းရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန လုပ်ငန်းဌာနများမှ ဌာနဆိုင်ရာဝန်ထမ်းများအား ဇန်နဝါရီ ၂၈ ရက် နံနက်ပိုင်းတွင် မအူပင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ မှာကြားသည်။ (အပေါ်ပုံ)

အဆိုပါ တွေ့ဆုံပွဲသို့ မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြတ်မော်၊ မြန်မာ့အသေးစား ချေးငွေလုပ်ငန်း အထွေထွေမန်နေဂျာ ဦးအောင်မြင့်ထွန်း၊ မအူပင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မအူပင်ခရိုင်အတွင်းရှိ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ မအူပင်ခရိုင်အတွင်းရှိ မြန်မာ့စီးပွားရေးဘဏ်၊ ပြည်တွင်းအခွန်များ ဦးစီးဌာန မြန်မာ့အသေးစား ချေးငွေလုပ်ငန်း၊ မြန်မာ့အာမခံလုပ်ငန်းတို့မှ စီမံခန့်ခွဲမှုအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဘဏ္ဍာနှစ်အတွင်း ဌာနအလိုက် လုပ်ငန်းလျာထားချက်၊ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက မှာကြားရာတွင် ဝန်ထမ်းအားလုံးသည် ဌာနနှင့် ဆက်သွယ်သည့် ပြည်သူများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများအား ဘဏ္ဍာရေး၊ ငွေရေးကြေးရေးနှင့် အခွန်ဆိုင်ရာ သိသင့်သိထိုက်သည်များအား ပွင့်ပွင့်လင်းလင်း အသိပေးစည်းရုံး ဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံတော် ဖွံ့ဖြိုးရေး၊ ဒေသဖွံ့ဖြိုးရေးအတွက် စိတ်စေတနာကောင်းဖြင့် ဝိုင်းဝန်းကြိုးပမ်းကြရန် လိုအပ်ကြောင်း၊ ဝန်ထမ်းအားလုံး ဝန်ထမ်းကျင့်ဝတ်အတိုင်း ကျင့်ကြံပြုမူနေထိုင်ကြရန် လိုအပ်ကြောင်း မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် မအူပင်ခရိုင် မအူပင်မြို့ရှိ မြန်မာ့စီးပွားရေးဘဏ်၊ ပြည်တွင်းအခွန်များ ဦးစီးဌာန၊ မြန်မာ့အသေးစား ချေးငွေလုပ်ငန်း၊ မြန်မာ့အာမခံလုပ်ငန်း ခရိုင်ရုံးများသို့ လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မင်္ဂလာဒုံမြို့နယ် အမှတ်(၃၂) အခြေခံပညာမူလတန်းလွန်ကျောင်း ၂၀၀၅-၂၀၀၆ ပညာသင်နှစ် ပညာရည်ချွန် ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၁၉ ရက်က ကျင်းပရာ တတိယတန်း (A) ပထမဆုရ မမြသီဂီမိုးအား ကျောင်းအုပ် ဆရာမကြီး ဒေါ်မေသဇင် ဆုချီးမြှင့်စဉ်။ (ပညာရေး)

ဓမ္မစေတီဆရာတော် ဘဒ္ဒန္တ နာဂိန္ဒာလင်္ကာရတရားပွဲ

ရန်ကုန် ဇန်နဝါရီ ၂၉

ဓမ္မစေတီဖောင်ဒေးရှင်း၏ ဦးဆောင်ပဓာနနာယက(၁၀)ဘွဲ့ရ မင်းကွန်းဓမ္မစေတီဆရာတော် ဘဒ္ဒန္တ နာဂိန္ဒာလင်္ကာရသည် ဖေဖော်ဝါရီ ၁ရက်တွင် ရန်အောင်မြင် မိတ္ထီလာ၊ ၂ရက်တွင် မလွန်ဆန် အောင်လံ၊ ၃ရက် မွန်းလွဲပိုင်းတွင်မြစ်နားဘို့လယ်၊ညတွင် အောင်လံ၊ ၄-၅ရက်တွင် မလွန်ဆန် သရက်၊ ၆ရက်တွင် ရွှေတောင်ရွှေမျက်မှန်ဘုရား၊ ၈ရက်တွင် မိတ္ထီလာ အောင်ဇေယျာ၊ ၁၀-၁၁ရက်တွင် မလွန်ဆန် ထီးချိုင့်၊ ၁၂ ရက်တွင် ကြက်တကောင်း၊ ၁၃ ရက်တွင် ကမ်းနီ၊ ၁၄ ရက်တွင် လေသာ၊ ၁၅ ရက်တွင် အလယ်တော၊ ၁၆ ရက်တွင် ကွမ်းတုံ၊ ၁၇ ရက်တွင် ကျောင်းကုန်း၊ ၁၈-၁၉ရက်တွင် မဲဇာ၊ ၂၀ရက်တွင် မင်းကုန်း၊ ၂၁ရက်တွင် ကောလင်း၊ ၂၂ရက်တွင် ဝန်းသို၊ ၂၃-၂၄ရက်တွင် မလွန်ဆန်လှူ ကျွန်းလှ၊ ၂၅ရက်တွင် သဖန်းဆိပ်၊ ၂၆ရက်တွင် ပေပင်ချောင်း၊ ၂၇-၂၈ရက်တွင် ရေနံမော်တို့တွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ရန်ကုန်မြို့ ဗဟန်းမြို့နယ် စက်မှု(၁)အိမ်ရာနေ ဦးအုန်းကြွယ်၊ သားမျိုးမင်းကြွယ်၊သမီး ယုယုအုန်း မိသားစုက(ကွယ်လွန်သူ) ဇနီးဒေါ်မြင့်မြင့်စိန်အားရည်စူး၍ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် ငွေကျပ် ၁၁၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်မှူးကြီးဘညာဏ်(ငြိမ်း) လက်ခံရယူစဉ်။

(က-ပ)

အခြေခံနှင့်အဆင့်မြင့် ပန်းအလှပြင်သင်တန်းများ ဖွင့်လှစ်မည်

ရန်ကုန် ဇန်နဝါရီ ၂၉

မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်းကကြီးမှူး၍ အခြေခံပန်းအလှပြုပြင်မှုသင်တန်းအမှတ်စဉ် (၁/၂၀၀၇)ကို ဖေဖော်ဝါရီ ၁၃ ရက်မှ ၂၁ ရက်အထိ လည်းကောင်း၊ အမှတ်စဉ် (၂/၂၀၀၇)ကို မတ် ၅ ရက်မှ ၁၃ ရက်အထိ လည်းကောင်း၊ အဆင့်မြင့်ပန်းအလှပြုပြင်မှုသင်တန်း အမှတ်စဉ် (၁/၂၀၀၇)ကို အခြေခံသင်တန်းဆင်းပြီးသူများဖြင့် မတ် ၁၅ ရက်မှ ၂၆ ရက်အထိလည်းကောင်း ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်အတွင်းရှိ ပြည်ထောင်စုအေးရိပ်ငြိမ်ခန်းမဆောင်၌ သင်တန်းသား၊ သင်တန်းသူ ၅၀ စီဖြင့် ဖွင့်လှစ်ရန် စီစဉ်ထားသည်။

သင်တန်းကြေးများအဖြစ် နိုင်ငံ့ဝန်ထမ်းများနှင့် အသင်းဝင်များအတွက် အခြေခံသင်တန်းတွင် ကျပ် ၄၀၀၀၊ အဆင့်မြင့်သင်တန်းအတွက် ကျပ် ၇၀၀၀၊ ပြင်ပပုဂ္ဂိုလ်များအတွက် အခြေခံသင်တန်းတွင် ကျပ် ၅၀၀၀၊ အဆင့်မြင့်သင်တန်းတွင် ကျပ် ၈၀၀၀ သတ်မှတ်ထားသည်။

သင်တန်းချိန်မှာ အခြေခံသင်တန်းကို မွန်းလွဲ ၂ နာရီမှ ညနေ ၄ နာရီအထိ၊ အဆင့်မြင့် သင်တန်းကို မွန်းလွဲ ၁နာရီမှ ညနေ၄နာရီအထိဖြစ်ရာ ပြည်သူ့ရင်ပြင်အတွင်းရှိ အသင်းရုံး ဖုန်း-၃၇၉၃၆၁ သို့ ဆက်သွယ်တက်ရောက်နိုင်ကြောင်း သိရသည်။ (၄၅)

မြစ်ဝကျွန်းပေါ်ကျေးရွာများသို့

ချစ်နိုင် (စိတ်ပညာ)

နံနက်ခင်း

ဒီဇင်ဘာလဆောင်းရက်များသည် ယခုနှစ်တွင် မအေးဘူးလိုလို နှင့် ထင်မှတ်သည်ထက် ပိုမိုအေးမြခဲ့ပါသည်။ ချင်းတောင်ဒေသတွင် သုညဒီဂရီအထိရောက်ရှိပြီး ပြင်ဦးလွင်၊ ပင်လောင်း၊ ကျိုင်းတုံ စသော တောင်ပေါ်မြို့များ၌ လေးဒီဂရီစင်တီဂရိတ်အထိ အအေးဓာတ်ပိုခဲ့သည်။ အထူးသဖြင့် လင်းအရုဏ်မတက်မီ နံနက်ခင်းအချိန်မျိုးတွင် ပိုမိုအေးချမ်းတတ်သည်။

ရန်ကုန်မှာလည်း နံနက်ခင်းမှာတော့အေးမြနေသည်။ အေးသည် ပူသည် ရွေးချယ်မနေအားပါ။ ကျွန်တော်နှင့် လက်ထောက်ညွှန်ကြားရေးမှူးဦးမြင့်၊ ကားဆရာ ဦးထွန်းရွှေ၊ သား မောင်ကောင်းထိုက်တို့ လေးဦးသည် တိုယိုတာကရစ်အမျိုးအစားကားလေးဖြင့် ရန်ကုန်မှ နံနက်စောစော ၆နာရီထွက်ခဲ့ပြီ။ နံနက် ၅နာရီအိပ်ရာထပြီး ပြင်ဆင်ခဲ့ကြသည်။

လှိုင်သာယာဘက်ရောက်မှ လင်းလင်းချင်းချင်းဖြစ်သည်။ နှင်းတွေ ကားလမ်းတစ်လျှောက် ဝေနေပြီး မြင်ကွင်းမရှင်းသဖြင့် လှိုင်သာယာမှ ဆားမလောက်ရွာအကြား ကားလမ်းကျယ်၍ လမ်းဖြောင့်ပါသော်လည်း အရှိန်ပြင်းပြင်းမမောင်းနိုင်ခဲ့ပေ။ ဆားမလောက်မှ မအူပင်ဘက်သို့ ချိုးကွေ့ပြီးနောက်တွင်မူ နေထွက်ပြူလာပြီဖြစ်၍ နှင်းကွဲသွားသည်။ ပတ်ဝန်းကျင်တွင် ပုစွန်ကန်၊ ငါးကန်၊ မွေးမြူရေးကန်များနှင့် တစ်မျှော်တစ်ခေါ်လယ်ကွင်းများကိုတွေ့ရသည်။ အချို့လည်း ရိုးပြတ်လယ်ကွင်း၊ အချို့လည်း နွေစပါးစိမ်းနုရောင်အပင်ပေါက်များ ထိုးထိုးထောင်ထောင် ရှုခင်းကျယ်ဝန်းသည်နှင့်အမျှ မြို့ပြနှင့်ဝေးလာသည်နှင့်အမျှ လေထုသည် လတ်ဆတ်သန့်ရှင်းသည်။ လယ်ကွင်းပြင်ကိုဖြတ်သန်း တိုက်ခတ်လာသောလေသည် ရိုးပြတ်ကောက်ပင်ရနံ့လေး သင်းသင်းပါလာ၏။

တောင်ဆီသို့

မအူပင်မြို့သို့ ၇နာရီကျော်လောက်တွင်ရောက်ပြီး တောင်အရပ်တည့်တည့် ကျိုက်လတ်သို့ ဆက်လက်ထွက်ခွာခဲ့ပါသည်။ မအူပင် တံတားကြီးကို နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကိုယ်တိုင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း နတခတိုင်းမှူး တာဝန်ထမ်းဆောင်စဉ် ကာလတွင် တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။ ထိုခရီးစဉ်၌ ရဟတ်ယာဉ်ဖြင့်လာခဲ့ကြသည်။ မိမိလည်း အဖွဲ့ဝင်အဖြစ် လိုက်ပါလာခဲ့သည်။ မအူပင်မြို့သည် ထိုစဉ်က သေးငယ်ပြီး မစည်ကားသေးပေ။ ယနေ့အချိန်အခါ၌ အထူးဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခုတွင် မအူပင်သည်လည်း အပါအဝင်ဖြစ်၍ ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်ဖြင့် အကောင် အထည်ဖော်နေသည်ဖြစ်ရကား စည်ကားတိုးတက်မှု မြန်ဆန်လှပါသည်။ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများနှင့် လျင်မြန်စွာ ခေတ်မီဖွံ့ဖြိုးလာနေ ဆဲဖြစ်၏။

ကျိုက်လတ်ကား မြို့ပြအကွက်ကျ၍ ဘာသာတရားအထူးလေးစားသော မြို့ဖြစ်သည်။ မဟာဂီတဦးပြုံးချို၊ ဆရာကြီးသုခ (ဦးသိန်းမောင်)၊ ဆရာကြီးဒဂုန်တာရာ(ဦးဌေးမြိုင်) စသော နိုင်ငံကျော် စာရေးဆရာများ ပေါ်ထွက်ခဲ့သည်။ အမျိုးသားရေးကို အထူးအလေးထားသောမြို့ အဖြစ် အသိအမှတ်ပြုထိုက်သည်။ နှစ်စဉ်နှစ်စဉ် အမျိုးသားနေ့ဆိုလျှင် အိမ်တိုင်းစေ့က နိုင်ငံတော်အလံများကို တလူလူလွှင့်ထူထားကြသည်။ အမျိုးသားရေး လှုပ်ရှားမှု သီချင်း၊ ဂီတတွေ၊ စာပေ ဟောပြောပွဲတွေ ကျင်းပကြသည်။ ရာဇဝတ်မှုခင်း အနည်းပါးဆုံး မြို့တစ်မြို့ဖြစ်သည်။

ဖျာပုံ

ကျိုက်လတ်မြို့မှ အနောက်တောင်ဘက်သို့ ဆက်ထွက်ပြီး ဂုံညင်းတန်းတံတားကြီးကို ဖြတ်ကျော်ကာ ဖျာပုံမြို့သို့ နံနက် ၉နာရီမထိုးမီ ရောက်ခဲ့ပါတော့သည်။ မိုင် ၁၂ဝခန့် ရှိပါလိမ့်မည်။ လှိုင်မြစ်၊ ပန်းလှိုင်မြစ်၊ ဧရာဝတီမြစ်၊ ဂုံညင်းတန်းမြစ် စသည်တို့ကို မြစ်ကူးတံတားကြီးများ တည်ဆောက်ဖောက်လုပ်ထားပြီမို့ ကားလမ်းအတိုင်း ခရီးပေါက်လေပြီ။ ဖျာပုံမြို့ရှိ ခရိုင်ပြန်ကြားရေးရုံးမှာ ခေတ္တနားသည်။ ဖုန်အလိမ်းလိမ်းနှင့် ကားရောလူပါ ဖုန်ခါကြသည်။ ပေါင်ဒါ၊ မျက်နှာချေ မလိမ်းရဘဲနှင့် မျက်နှာတွေ ဖွေးနေကြသည်။ လူတွေပိုလှလာကြသည်။

ဖျာပုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ အတွင်းရေးမှူး ဦးဘုန်းမြင့်လည်း အတူလိုက်ပါမည်။ သူသည် ဗိုလ်တထောင်မြို့နယ်၊ တွံတေးမြို့နယ်တို့တွင် စီမံကိန်းဦးစီးမှူး လုပ်ခဲ့ဖူးသူဖြစ်၍ မိမိနှင့် ယခင်ကပင် သိကျွမ်းခဲ့သည်။ သူလည်း ဖျာပုံမြို့နယ်အတွင်းရှိ ကျေးရွာများသို့ ကွင်းမဆင်းဖူးသေးသဖြင့် သမိန်ထောရွာ၊ ကနိရွာ၊ အောက်ကမ်းပါးရွာနှင့် ဘိုကလေးမြို့နယ် မြင်းကကုန်းကျေးရွာများသို့ ရောက်ဖူးချင်နေသဖြင့် အတော်ပင်ဖြစ်သည်။ အုပ်ချုပ်ရေးအသွင်းကူးပြောင်းမှု ဖွဲ့စည်းပုံအရ အတွင်းရေးမှူး တာဝန်လွှဲယူရသည်မှာ တစ်လသာ ရှိသေးသည်။ ဝမ်းသာအားရ အတူတကွ လိုက်ပါခဲ့ကြသည်။

မာဇဒါဂျစ်အစိမ်းက ရှေ့က၊ တိုယိုတာစူပါရုဖ်ကားက နောက်က မြေလမ်းကိုသွားကြသဖြင့် ဖုန်တလုံးလုံးတော့ထသည်။ လယ်ကွင်းပြင် ပတ်ဝန်းကျင်တွင် ဖုန်တလုံးလုံးနှင့် ကားနှစ်စီးသည် ကျေးလက်တောရွာအထိ ခရီးဆက်ကြသည်။ ဖျာပုံခရိုင်အတွင်း ကျေးရွာစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး သုံးနှစ်စီမံချက်ကို အောက်ပါအတိုင်း ချမှတ်အကောင်အထည်ဖော်နေသည်–

	ကျေးရွာဦးရေ	သုံးနှစ်လျာထားချက် ၂၀၀၆–၀၇	၂၀၀၇–၀၈	၂၀၀၈–၀၉	ခိုင်မာသော စာကြည့်တိုက်
၁။ ဖျာပုံမြို့နယ်	၁၄၀	၅၀	၅၀	၄၀	၁၄၀
၂။ ကျိုက်လတ်	၄၂၁	၁၄၀	၁၄၁	၁၄၀	၄၂၁
၃။ ဒေးဒရဲ	၃၈၂	၁၂၇	၁၂၈	၁၂၇	၃၈၂
၄။ ဘိုကလေး	၄၉၂	၁၄၅	၁၄၅	၁၄၆	၄၉၂
၅။ အမာ	၁၀၀	၅၀	၅၀	–	၁၀၀
စုစုပေါင်း	၁၄၈၀	၅၁၂	၅၁၅	၄၅၃	၁၄၈၀

၂၀၀၆–၂၀၀၇ ဘဏ္ဍာနှစ်အတွင်း ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်ပေါင်း ၅၁၂ တိုက်ကို ခိုင်မာရှင်သန်အောင် အကောင်အထည်ဖော်ရန် တိကျစွာ လျာထားသတ်မှတ်ခဲ့ကြသည်။ ၂၀၀၆ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်အထိ Book, Building, Budget, Brain, Borrower (စာဖတ်သူ၊ စာငှားသူ)ဟူသော B ငါးလုံးနှင့် ကိုက်ညီပြည့်စုံပြီး ရှင်သန် နေသော စာကြည့်တိုက်များမှာ လျာထားချက် ၅၁၂ တိုက်ထက် ၂၅ တိုက် ပိုမိုကျော်လွန်ကာ ၅၃၇ တိုက်ရှိနေပြီဟု သိရပေသည်။ မြန်မာပြည်မှာ စာကြည့်တိုက်ပညာ ထွန်းကားကျယ်ပြန့်အောင် ဦးဆောင်ခဲ့သော ဆရာဦးသိန်းဟန်(ဇော်ဂျီ)၏ မွေးရပ်ဇာတိဒေသ ပီသလေသည်။ စာကြည့်တိုက်တွေ ခိုင်မာစွာပေါ်ထွန်းလာနေသည်။



ရန်ကုန်မှ မအူပင်–ကျိုက်လတ်–ဖျာပုံသို့ လမ်းပြမြေပုံ။

ဖျာပုံမြို့၌ ၁၂–၄–၁၉၀၇ ခုနှစ်တွင် မွေးဖွားခဲ့သော နှစ်ဆယ်ရာစု အမျိုးသား စာဆိုကြီး ဆရာဇော်ဂျီသာ သက်ရှိထင်ရှား ရှိနေမည်ဆိုလျှင် ၂၀၀၇ ခုနှစ်တွင် အနှစ်တစ်ရာပြည့်မည်ဖြစ်သည်။ မြို့မိမြို့ဖများ၊ စာပေပညာရှင်များ၊ စာပေမြတ်နိုးသူများက ဆရာ ဇော်ဂျီ ရာပြည့်အမှတ်တရကို ၂၀၀၇ ခုနှစ်တွင် ဂုဏ်ပြုခြင်း အမျိုးမျိုးဖြင့် ကျင်းပရန် စီစဉ်နေကြသည်။ ဆရာကြီး ဇော်ဂျီ ၁၉၃၅ ခုနှစ်က (စာဆို ၂၈နှစ်အရွယ်) ရေးဖွဲ့ခဲ့သော "သင်သေသွားသော်" ကဗျာကို သတိရမိသည်–

ဩော်–လူ့ပြည်လောက၊ လူ့ဘဝကား
အိုရနာရ၊ သေရဦးမည်၊ မှန်ပေသည်တည့်။
သို့တပြီးကား၊ သင်သေသွားသော်
သင်ဖွားသောမြေ၊ သင်တို့မြေသည်
အခြေတိုးမြင့်၊ ကျန်ကောင်းသင့်၏။
သင်၏မျိုးသား၊ စာစကားလည်း
ကြီးပွားတက်မြင့်၊ ကျန်ကောင်းသင့်၏။
သင်ဦးချ၍၊ အမျှဝေရာ၊ စေတီသာနှင့်
သစ္စာအရောင်၊ ဉာဏ်တန်ဆောင်လည်း
ပြောင်လျက်ဝင်းလျက် ကျန်စေသတည်း။ ။

စာကြည့်တိုက်များ ကျယ်ပြန့်ထွန်းကားရေးသည် တိုင်းရင်းသား အားလုံး၏ အမျိုးသားရေးလှုပ်ရှားမှု တာဝန်ကြီးတစ်ရပ်ဖြစ်၏။ လူမျိုး၊ ဘာသာ၊ နိုင်ငံရေး အယူအဆ စသည်တို့ တူကြသည်ဖြစ်စေ၊ မတူကြသည် ဖြစ်စေ၊ နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးလုပ်ငန်း၊ တိုင်းကျိုးပြည်ပြု အခြေခံလုပ်ငန်းတစ်ရပ်လည်းဖြစ်ပါ၏။ ခေတ်အမြင် ရှိသူတိုင်း ပါဝင်ဝိုင်းဝန်းကြရမည့် ရေရှည်လုပ်ငန်းတစ်ခုလည်း မှန်ပါ၏။ ဖွဲသန်သန်ဖြင့် ကြိုးပမ်းကြရမည်။ ။

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သာယာကုန်းရပ်ကွက် စက်ရုံလမ်းနေ ဦးစံထွန်း–ဒေါ်နွဲ့နွဲ့ဦး မိသားစုနှင့် မဖြိုးနန္ဒာအောင်၏ မွေးနေ့အထိမ်းအမှတ် ဆွမ်းပဒေသာပင်နှင့် သုံးထပ်ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ်တစ်သိန်းငါးသောင်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဗိုလ်မှူးအောင်သန်း(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။
(ဘိုးဘွားရိပ်သာ)

အထက(၃) ကြည့်မြင်တိုင် မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၂၉

အထက(၃)ကြည့်မြင်တိုင်(ယခင်ဗိုလ်ဟံကျူး)ကျောင်းတွင် ၁၉၆၅မှ ၁၉၉၅အထိ ပညာသင်ကြားပေးခဲ့သော အသက် (၅၅)နှစ်အထက် ဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသား၊ ကျောင်းသူဟောင်းများက နဝမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၂ရက်(ပြည်ထောင်စုနေ့)နံနက် ၉နာရီတွင် အဆိုပါကျောင်းစကားဖြူခန်းမ၌ကျင်းပမည်ဖြစ်ရာ ဆရာကြီး၊ဆရာမကြီးများ ကြွရောက်ကြရန် ဖိတ်ကြားထားသည်။

အခမ်းအနား စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေးအတွက် နောက်ဆုံး ညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၄ ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ကျောင်းရုံးခန်းအတွင်း၌ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ကျောင်းသူဟောင်းများ တက်ရောက်ကြရန်နှင့် ဆရာကန်တော့ပွဲအတွက် လှူဒါန်းလိုသော အလှူရှင်များသည် ဆရာမ ဒေါ်စန်းဝင်း၊ ဆရာမဒေါ်ငွေးရီ (ကျောင်းသူဟောင်း) ဖုန်း–၂၂၀၃၈၀၊ ဦးအောင်ကျော်ဦး ဖုန်း–၀၉၅၀၁၄၂၆၄၊ ဦးမြင့်သန်း ဖုန်း–၀၉၅၀၁၀၀၉၂၊ ဦးချာလီမောင် ဖုန်း–၀၉၉၀၃၂၀၅၁၊ ဦးကြည်ကို ဖုန်း–၀၉၅၁၆၃၇၂၆၊ ဦးခင်မောင်လှ ဖုန်း–၀၉၈၀၂၃၅၇၉၊ ဦးဌေးဝင်း ဖုန်း–၀၉၅၁၈၅၆၅၇၊ ဦးသိန်းဝင်း ဖုန်း–၅၃၈၆၉၈၊ ဦးစိုးဝင်း ဖုန်း–၀၉၅၁၃၂၀၃၆ တို့ထံ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

ရွှေကျင်မြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၂၈ရက်က ရွှေတိဂုံဘုရားတောင်ဘက်မုခ်ရှိ ရွှေကျင်မြို့နယ်အသင်းဓမ္မာရုံ၌ ကျင်းပရာ ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ သုံးဘာသာဂုဏ်ထူးရှင် မောင်အောင်ကောင်းမြတ်အား အသင်းဥက္ကဋ္ဌ ဦးမြင့်ဆွေ ပညာရည်ချွန်ဆု ချီးမြှင့်စဉ်။
(က–ပ)

အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့တွင် အီရတ်စစ်ပွဲ ဆန့်ကျင်ရေးနှင့် ငြိမ်းချမ်းရေးအတွက် ကန့်ကွက်ဆန္ဒပြနေကြသော ပြည်သူများကို ဇန်နဝါရီ ၂၇ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

စစ်ဆန့်ကျင်ရေးနှင့် ငြိမ်းချမ်းရေးလှုပ်ရှားသူများ အမေရိကန်မြို့ကြီးများတွင် ဆန္ဒပြ အီရတ်မှတပ်ဖွဲ့ ရုပ်သိမ်းရေးတောင်းဆို

လော့စ်အိန်ဂျလိစ် ဇန်နဝါရီ ၂၉

အီရတ်နိုင်ငံရှိ တပ်ဖွဲ့များ ရုပ်သိမ်းရေးတောင်းဆိုသည့် အမေရိကန်နိုင်ငံတစ်ဝန်း စစ်ဆန့်ကျင်ရေး ကန့်ကွက်ဆန္ဒပြပွဲများ၏ တစ်စိတ်တစ်ပိုင်းအဖြစ် ထောင်ချီရှိသည့် ပြည်သူတို့သည် အမေရိကန်နိုင်ငံအလံများဖြင့် ဖုံးလွှမ်းထားသည့် ခေါင်းတလားပုံစံ ဒါဇင်ပေါင်းများစွာကို သယ်ဆောင်လျက် လော့စ်အိန်ဂျလိစ်မြို့လယ်ကောင်ရှိ လမ်းများဆီသို့ စနေနေ့တွင် ချီတက်ခဲ့ကြကြောင်း ဆင်ဟွာသတင်းဌာနက သတင်းထုတ်ပြန်သည်။

ပါဝင်

ကန့်ကွက်ဆန္ဒပြချီတက်လာသူများတွင် အီရတ်စစ်ပြန်စစ်မှုထမ်းဟောင်းများ၊ စစ်ဆန့်ကျင်ရေးနှင့် ငြိမ်းချမ်းရေးတက်ကြွလှုပ်ရှားသူများနှင့် စစ်ဆန့်ကျင်ရေး ဆန္ဒပြသူ အဆိုတော် ဆင်ဒီရှီဟန်တို့လည်း ပါဝင်သည်။

ယင်းကန့်ကွက်ဆန္ဒပြပွဲကို အီရတ်စစ်ပြန် စစ်မှုထမ်းဟောင်းအဖွဲ့တစ်ဖွဲ့က ဦးဆောင်ခဲ့သည်။ စစ်ဆန့်ကျင်ရေးအတွက် ကန့်ကွက်ဆန္ဒပြသူ ၃၀၀၀က "တပ်ဖွဲ့ဝင်များကို အိမ်ပြန်ပို့" ကဲ့သို့သော ကြွေးကြော်သံများကို ဟစ်ကြွေးကြပြီး အီရတ်နိုင်ငံ၌ ဆင်နွှဲလျက်ရှိသည့် စစ်ပွဲအဆုံးသတ်ရေးကို တောင်းဆိုလိုက်ကြသည်။ အမေရိကန်သမ္မတ ဂျော့ဂျ်ဒဗလျူဘုရှ်သည် အီရတ်နိုင်ငံသို့ တပ်ဖွဲ့များ ထပ်မံစေလွှတ်ရန် ကြိုးပမ်းလျက်ရှိသည်။ အမေရိကန်နိုင်ငံ ဝါရှင်တန်တွင်လည်း သိန်းနှင့်ချီ အရေအတွက်ရှိ ငြိမ်းချမ်းရေးလိုလားသူပြည်သူများက စစ်ဆန့်ကျင်ရေး ဆန္ဒပြပွဲကျင်းပခဲ့သည်။ သမ္မတဘုရှ်က အီရတ်နိုင်ငံသို့ တပ်ဖွဲ့ဝင် ၂၁၅၀၀ ထပ်မံစေလွှတ်ရန် စီစဉ်နေမှုကို ကန့်ကွက်နိုင်ရန် အထက်လွှတ်တော်ရှိ အမတ်များက ဖိအားပေးဆောင်ရွက်နေချိန်အတွင်း စစ်ဆန့်ကျင်ရေး ဆန္ဒပြပွဲများ ပေါ်ပေါက်လာခြင်း ဖြစ်သည်။ ***အင်တာနက်။***

ပါလက်စတိုင်း အစိုးရဖွဲ့စည်းရေး သဘောတူညီမှုမရရှိ

ဒမတ်စကတ် ဇန်နဝါရီ ၂၉

ပါလက်စတိုင်းခေါင်းဆောင် မာမွတ်အဘတ်စ်နှင့် ဟားမတ်စ်အုပ်စု နိုင်ငံရေးရာ အကြီးအကဲ ခါလက်မေရှားလ်တို့ ဆီးရီးယားနိုင်ငံ၌ တွေ့ဆုံဆွေးနွေးခဲ့သော်လည်း အမျိုးသားညီညွတ်ရေး အစိုးရဖွဲ့စည်းရေးနှင့် ပတ်သက်၍ သဘောတူမှုမရရှိကြောင်း တာဝန်ရှိသူတစ်ဦးက တနင်္ဂနွေနေ့တွင် ပြောကြားသည်။

သို့သော် တွေ့ဆုံဆွေးနွေးပွဲမှာ တိုးတက်မှုရှိကြောင်း၊ ဆွေးနွေးပွဲကို ရက်သတ္တနှစ်ပတ်အတွင်း ပြန်လည်ပြုလုပ်မည်ဖြစ်ကြောင်း နှစ်ဦးစလုံးက ပြောကြားလိုက်သည်။

အမျိုးသားညီညွတ်ရေး အစိုးရထူထောင်ရေးတွင် သဘောတူညီမှု မရရှိလျှင် ရွေးကောက်ပွဲစောကျင်းပမည်ဖြစ်ကြောင်း ပါလက်စတိုင်းခေါင်းဆောင် မာမွတ်အဘတ်စ်က ခြိမ်းခြောက်ထားသည်။

စေ့စပ်ဆွေးနွေးမှုများ ရက်သတ္တနှစ်ပတ်အတွင်း ပြန်လုပ်မည်ဖြစ်ကြောင်း မစ္စတာအဘတ်စ်နှင့် မစ္စတာမေရှားလ်တို့က ပြောဆိုသည်။

ဆွေးနွေးညှိနှိုင်းရမှုမှာ အကျိုးရှိကြောင်း မစ္စတာအဘတ်စ်က ပြောကြားလိုက်သည်။ ပါလက်စတိုင်း ၃၀ ကျော် သေဆုံးရသည့် အချင်းချင်းပဋိပက္ခဖြစ်မှု အဆုံးသတ်ကြရန် နှစ်ဦးစလုံးက ထပ်မံတိုက်တွန်းလိုက်သည်။ ***အင်တာနက်။***



ဂျပန်နိုင်ငံ ကင်နွန်ကုမ္ပဏီက ထုတ်လုပ်သည့် ကင်မရာနှင့် အသံဖမ်းစက် ပူးတွဲပါရှိသော ကမ်ကော်ဒါကို ဇန်နဝါရီ ၂၇ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

အနောက် ဘင်္ဂလားပြည်နယ်တွင် ကားစက်ရုံ တည်ဆောက်မည်

ကိုလ်ကတ္တား ဇန်နဝါရီ ၂၉

အိန္ဒိယနိုင်ငံရှိ မော်တော်ယာဉ်ထုတ်လုပ်ရေး ထိပ်တန်းကုမ္ပဏီတစ်ခုဖြစ်သည့် တာတာ မော်တော်ကားကုမ္ပဏီသည် အနောက်ဘင်္ဂလားပြည်နယ်တွင် ကားစက်ရုံတည်ဆောက်ရေး စီမံကိန်းတစ်ရပ်ကို စတင်အကောင်အထည်ဖော်ပြီ ဖြစ်ကြောင်း ဇန်နဝါရီ ၂၈ရက် အင်တာနက်သတင်းတွင် ဖော်ပြထားသည်။

ကားစက်ရုံ တည်ဆောက်ရေးစီမံကိန်းဆောင်ရွက်ရန် အနောက်ဘင်္ဂလားပြည်နယ်အစိုးရက ခွင့်ပြုပေးခဲ့ကြောင်း တာတာမော်တော်ကားထုတ်လုပ်ရေးကုမ္ပဏီ၏ ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

အနောက် ဘင်္ဂလားပြည်နယ်မြို့တော် ကိုလ်ကတ္တား မြောက်ဘက် ကီလိုမီတာ ၄၀အကွာ ဆင်ဂွါးမြို့တွင် ကားစက်ရုံတည်ဆောက်မည် ဖြစ်သည်။ ယင်းစက်ရုံသည် အသေးစားကားများကို ထုတ်လုပ်သွားရန် ရည်မှန်းထားသည်။

အမေရိကန်ဒေါ်လာ ၂၂၆ သန်းကုန်ကျမည့် စက်ရုံစီမံကိန်းသည် ဒေသခံပြည်သူများအတွက် အလုပ်အကိုင်နေရာပေါင်း ၁၀၀၀ ကျော်ကို ဖော်ထုတ်ပေးနိုင်မည် ဖြစ်ကြောင်း ကုမ္ပဏီက ပြောကြားသည်။ ***အင်တာနက်။***

ကူဝိတ်တွင် နွားကောင်ရေ ၂၀၀ ခန့် တီဘီရောဂါ ဖြစ်ပွား

ကူဝိတ်စီးတီး ဇန်နဝါရီ ၂၈

ကူဝိတ်နိုင်ငံ ခရိုင်တစ်ခု၌ နွားကောင်ရေ ၂၀၀ နီးပါးမှာ တီဘီရောဂါဖြစ်ပွားလျက်ရှိသည်ကို မကြာသေးမီက တွေ့ရှိခဲ့ရကြောင်း ကူဝိတ်အခြေစိုက် အာရပ်တိုင်းမ်သတင်းစာက ဇန်နဝါရီ ၂၈ရက်တွင် ဖော်ပြသည်။

ကူဝိတ်နိုင်ငံ ဆူလာဘီယာခရိုင်၌ နွားတီဘီရောဂါအများဆုံး ဖြစ်ပွားခဲ့ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ကိုင်ကြသည့် အခြားခရိုင်နှစ်ခရိုင်၌လည်း အလားတူရောဂါ ရှိ၊ မရှိ နွားများကို စစ်ဆေးပေးလျက်ရှိကြောင်း သတင်းစာက ဖော်ပြသည်။

ကူဝိတ်နိုင်ငံ၌ တီဘီရောဂါဖြစ်ပွားနေသော နွားတစ်ကောင်ကို၂၀၀၆ခုနှစ် မတ်လတွင် ပထမဆုံးအကြိမ် တွေ့ရှိခဲ့သည်။ ယင်းရောဂါသည် တိရစ္ဆာန်များမှတစ်ဆင့် လူများသို့ ကူးစက်နိုင်ပြီး သေစေနိုင်သည့် ရောဂါလည်းဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ထရပ်ကားကို ခရီးသည်တင်လေယာဉ်ဝင်တိုက်မိ

ပါရီ ဇန်နဝါရီ ၂၈

လူ ၅၄ ဦး တင်ဆောင်လာသည့် ခရီးသည်တင်လေယာဉ်တစ်စီးသည် ပြင်သစ်နိုင်ငံတောင်ပိုင်းတွင် ကြာသပတေးနေ့က ထရပ်ကားငယ်တစ်စီးကို ဝင်တိုက်ခဲ့သဖြင့် ထရပ်ကားမောင်းသူသေဆုံးသွားခဲ့ကြောင်း သယ်ယူပို့ဆောင်ရေးဌာနက ပြောကြားသည်။

အဆိုပါလေယာဉ်သည် လေဆိပ်မှပျံတက်စဉ် လေယာဉ်အင်ဂျင်စက်အတွင်းသို့ ငှက်တစ်ကောင် ဝင်ရောက်ခဲ့ပြီးနောက် ပေါပိုင်ရီနက်စ် လေယာဉ်ကွင်းတွင် အရေးပေါ်ဆင်းသက်ခဲ့သည်။

အဆိုပါ ဖော်ကာလေယာဉ်ပေါ်၌ လိုက်ပါလာသည့် ခရီးသည် ၅၀နှင့် လေယာဉ်ဝန်ထမ်းလေးဦးတို့ ထိခိုက်ဒဏ်ရာမရရှိခဲ့ပေ။ ယင်းလေယာဉ်သည် ပေါပိုင်ရီနက်စ်နှင့် မြို့တော်ပါရီရှိ ရိုက်ဆီလေဆိပ်အကြား ပြင်သစ်လေကြောင်းဌာနအတွက် ပျံသန်းပေးနေသော လေယာဉ်ဖြစ်သည်။ အဆိုပါလေယာဉ်သည် လေဆိပ်တစ်ဝိုက်ရှိ လမ်းပေါ်မောင်းနှင်လာသည့် ထရပ်ကားငယ်တစ်စီးကို ဝင်တိုက်မိခဲ့ခြင်းဖြစ်သည်။အဆိုပါထရပ်ကားအတွင်း အခြား လူတစ်ဦးမှာလည်း ထိခိုက်ဒဏ်ရာရရှိသည်ဟု လေကြောင်းဌာနက ပြောကြားသည်။ ***အမ်အင်အေ၊ ရိုက်တာ။***

အမေရိကန်၏ အီရတ်ကျူးကျော်စစ် ရုပ်ရှင်ရိုက်မည်

လန်ဒန် ဇန်နဝါရီ ၂၈

ဗြိတိသျှဒါရိုက်တာ ပေါလ်ဂရင်းဂရက်စ်သည် အီရတ်နိုင်ငံအား အမေရိကန်က ကျူးကျော်တိုက်ခိုက်ခဲ့ပုံကို ရုပ်ရှင်ဇာတ်ကားတစ်ကားအဖြစ် သရုပ်ဖော်ရိုက်ကူးထုတ်လုပ်သွားမည်ဖြစ်ကြောင်း ဇန်နဝါရီ ၂၈ရက် အင်တာနက်သတင်းတွင် ဖော်ပြသည်။

ဂရင်းဂရက်စ်သည် စက်တင်ဘာ ၁၁ရက် အကြမ်းဖက်တိုက်ခိုက်မှုနှင့် ပတ်သက်၍ ရုပ်ရှင်ရိုက်ကူးခဲ့သော ဒါရိုက်တာတစ်ဦးလည်း ဖြစ်သည်။ ယခုတစ်ကြိမ် အီရတ်နိုင်ငံအကြောင်းကို ရုပ်ရှင်ရိုက်ကူးရာတွင် ရာဂျစ်ချန်ဒရာဆီကာရန်၏ Imperial Life in the Emerald City: Inside Iraq's Green Zone အမည်ရှိ စာအုပ်ကို မှီငြမ်းပြုကာ ရုပ်ရှင်ရိုက်ကူးမည်ဖြစ်သည်။ ချန်ဒရာဆီကာရန်သည် ၂၀၀၃ ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိ အမေရိကန် ဝါရှင်တန်ပို့စ်သတင်းစာအတွက် ဘဂ္ဂဒက် ဗျူရိုအကြီးအကဲအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သူဖြစ်သည်။

စက်တင်ဘာ ၁၁ရက် အကြမ်းဖက်တိုက်ခိုက်မှုကို သရုပ်ဖော်ကျူးခဲ့သည့် ဂရင်းဂရက်စ်၏ ဇာတ်ကားမှာ United 93 အမည်ရှိ ဇာတ်ကားဖြစ်သည်။

၂၀၀၁ခုနှစ် စက်တင်ဘာ ၁၁ရက်က အကြမ်းဖက်သမားများ၏ ပြန်ပေးဆွဲခံခဲ့ရသော ခရီးသည်တင်လေယာဉ်တစ်စင်း ပင်ဆယ်လ်ဗေးနီးယား ပြည်နယ်တွင် ပျက်ကျခဲ့ပုံကို ယင်းဇာတ်ကား၌ သရုပ်ဖော်ထားသည်။

ယင်းလေယာဉ်ပေါ်တွင် မည်သို့မည်ပုံ ဖြစ်ပျက်ခဲ့သည်ကို သရုပ်ဖော်နိုင်ရန် ရေဒီယိုသတင်းပေးပို့ချက်များနှင့် မိုဘိုင်းလ်ဖုန်းဆက်သွယ်မှုများကို အသုံးပြုထားသည်။

လေယာဉ်ပြန်ပေးဆွဲသူများကို ခရီးသည်များက ဝိုင်းဝန်းဖမ်းဆီးရာမှ လေယာဉ်ပျက်ကျသွားခဲ့သည်ဟု ယူဆရသည်။ United 93 အမည်ရှိဇာတ်ကားမှာ ရုပ်ရှင်ထူးချွန်ဆုအတွက် အမည်စာရင်းတင်သွင်းခံခဲ့ရသည်။ ***အင်တာနက်။***



အီရန်နိုင်ငံ၌ ချထားသော လေကြောင်းရန် ကာကွယ်ရေးဒုံးကျည်များကို ဇန်နဝါရီ ၂၇ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင် စာရင်းစစ်ချုပ်ရုံး ပြည်နယ်နှင့် တိုင်း ညွှန်ကြားရေးမှူးများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

စာရင်းစစ်ချုပ်ရုံး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၉

စာရင်းစစ်ချုပ်ရုံး ပြည်နယ်နှင့်တိုင်း ညွှန်ကြားရေးမှူးများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်၉နာရီတွင် နေပြည်တော်ရှိ စာရင်းစစ်ချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်၊ ဒုတိယစာရင်းစစ်ချုပ် ဒေါ်သင်းသင်း၊ ညွှန်ကြားရေးမှူးချုပ်ဦးမျိုးမြင့်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များဖြစ်ကြသော ဒေါ်သန်းသန်းအေးနှင့် ဦးသိန်းမြင့်၊ စာရင်းစစ်ချုပ်ရုံးနှင့် ပြည်နယ်နှင့် တိုင်းများမှ ညွှန်ကြားရေးမှူးများနှင့် ဒုတိယညွှန်ကြားရေးမှူးများ တက်ရောက်ကြသည်။

ရှေးဦးစွာ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က ဝန်ထမ်းများအနေဖြင့် မိမိတို့၏ လုပ်ငန်း တာဝန်များကို အဂတိတရားကင်းရှင်းစွာဖြင့် ကျေပွန်အောင် အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်ကြရန်၊ ဝန်ကြီးဌာန အဖွဲ့အစည်းများ၏ နှစ်ချုပ်စာရင်းကို စစ်ဆေးသည့်အခါ ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျ လုပ်ကိုင်ဆောင်ရွက်ကြစေရန်နှင့် မှန်မှန်ကန်ကန်မျှမျှတတ စစ်ဆေး ဖော်ထုတ်တင်ပြကြရန် မှာကြားသည်။

ဆက်လက်၍ ပြည်နယ်နှင့် တိုင်း ညွှန်ကြားရေးမှူးများက မိမိတို့၏ ပြည်နယ်/တိုင်းများနှင့် စပ်လျဉ်း၍ ၂၀၀၆ ခုနှစ် တတိယ လေးလပတ်ကာလအတွင်း ဌာနအဖွဲ့အစည်းများအား စစ်ဆေး အစီရင်ခံနိုင်မှုအခြေအနေ၊ အရေးကြီးသော စစ်ဆေးတွေ့ရှိချက်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ အဖွဲ့အစည်းများ၏ အရေးယူဆောင်ရွက် ပြီးစီးမှုအခြေအနေ၊ စာရင်းရုံး ဝန်ထမ်းအင်အား အခြေအနေ၊ ရုံးအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာများ တည်ဆောက်မှုအခြေအနေနှင့် ယခင်အစည်းအဝေး ဆုံးဖြတ်ချက်အပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှုအခြေအနေတို့ကို ဆွေးနွေးတင်ပြကြရာ ဒုတိယစာရင်းစစ်ချုပ် ဒေါ်သင်းသင်းက ဖြည့်စွက်ရှင်းလင်းမှာကြားသည်။

ယင်းနောက် စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က ဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ ဖြည့်ဆည်း မှာကြားပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ပရိယတ္တိ ငွေရတု အထိမ်းအမှတ် ရာမညနိကာယစာဖြေပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၉

မွန်ပြည်နယ်လုံးဆိုင်ရာ ရာမညနိကာယပရိယတ္တိစာမေးပွဲကျင်းပရေးကော်မတီက ကြီးမှူး၍ မော်လမြိုင်မြို့ စစ်ကဲကုန်းရပ်ကွက်ရှိ သာသနာ(၂၅၀၀)သာသနာ့ဗိမာန်တော်၌ ပရိယတ္တိစာမေးပွဲငွေရတုအထိမ်းအမှတ် ရာမညနိကာယစာဖြေပွဲကို ဖေဖော်ဝါရီ၁၅ရက်မှ ၁၉ရက်အထိ ကျင်းပမည်ဖြစ်ရာ ကရင်ပြည်နယ် ၊ရန်ကုန်တိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် မွန်ပြည်နယ်တို့မှ မူလတန်း၊ အငယ်တန်း၊ ဓမ္မာစရိယတန်းတို့၌ စာဖြေသံဃာတော်အပါး၁၁၀၀ကျော်တို့က ဝင်ရောက်ဖြေဆိုကြမည်ဖြစ်သည်။

အလားတူ ငွေရတုအထိမ်းအမှတ်အဖြစ် ငွေကျပ်သိန်း၁၀၀၀ကျော် အကုန်ကျခံ တည်ဆောက်ပြီးစီးခဲ့သည့် ရာမညနှစ်ထပ်ဓမ္မဗိမာန်ကို ဖေဖော်ဝါရီ ၁၉ရက်တွင် ရေစက်ချမည်ဖြစ်သည်။

ထို့အပြင် နိုင်ငံတော်က အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံရသည့် ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကော့ဘိန်းကျေးရွာ မဟာဝိဟာရပရိယတ္တိစာသင်တိုက်မှ ဆရာတော် ဘဒ္ဒန္တဝိသာရဒအား ပူဇော်ပွဲလည်း ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဖြူစင်ဒါန ထာဝရ ငွေပဒေသာပင် စိုက်ထူလှူဒါန်းပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၉

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် အောင်ဆန်းမြို့ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ၊ အဖွဲ့ခွဲ(၇၇) တောရ တပ်ဦးကျောင်းတိုက် ပဓာနနာယက ပြည်တွင်းပြည်ပ သာသနာပြုဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ (မဟာကမ္မဋ္ဌာနာစရိယ)သည် ဧရာဝတီတိုင်း လေးမျက်နှာမြို့ လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာတွင် မှီတင်းနေထိုင်သီတင်းသုံးတော်မူကြသော စာသင်စာချသံဃာတော်များနှင့် တိုင်းရင်းသားကလေးသူငယ်များ၏ ဒုတိယအကြိမ်မြောက် ဖြူစင်ဒါန ထာဝရငွေပဒေသာပင် စိုက်ထူလှူဒါန်းပွဲကို ယင်းကျောင်း တိုက်၌ ဖေဖော်ဝါရီ ၁၂ရက်(ပြည်ထောင်စုနေ့) မွန်းတည့် ၁၂နာရီတွင် ကျင်းပမည်ဖြစ်ရာ အလှူရှင် စေတနာရှင်များအနေဖြင့် အောင်ဆန်းတောရတပ်ဦးကျောင်းတိုက် ဖုန်း-၆၄၁၉၆၆သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေ မရမ်းကုန်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသည့် အဖြစ်များသော ကူးစက်ရောဂါများအကြောင်း ကျန်းမာရေးပညာပေးဟောပြောခြင်းနှင့် ပတ်ဝန်းကျင် ကျန်းမာသန့်ရှင်းရေး ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ ရှင်းလင်းတင်ပြခြင်း အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အဖြစ်များသော ကူးစက်ရောဂါများအကြောင်း မရမ်းကုန်းမြို့နယ်၌ ပညာပေးဟောပြော

ရန်ကုန် ဇန်နဝါရီ ၂၉

ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသည့် အဖြစ်များသော ကူးစက်ရောဂါများအကြောင်း ကျန်းမာရေးပညာပေး ဟောပြောခြင်းနှင့် ပတ်ဝန်းကျင် ကျန်းမာသန့်ရှင်းရေး ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ ရှင်းလင်းတင်ပြခြင်း အခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် မရမ်းကုန်းမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေက အမှာစကားပြောကြားပြီး မရမ်းကုန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်အေးအေးမာထံမှ ရာသက်ပန်အသင်းဝင် အဆိုပြုလွှာများကို လက်ခံသည်။

ထို့နောက် မရမ်းကုန်းမြို့နယ် ခေတ္တမြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်သီသီသိန်းက အဖြစ်များသော ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ပညာပေးဟောပြောပြီး မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်အေးအေးမာက မြို့နယ်အတွင်း ဆောင်ရွက်မည့် ပတ်ဝန်းကျင်ကျန်းမာသန့်ရှင်းရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း နှစ်ပတ်လည် အစည်းအဝေး ကျင်းပမည့်ရက် ထပ်မံကြေညာမည်

ရန်ကုန် ဇန်နဝါရီ ၂၉

မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း(၁၃)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေးကို အပြည်ပြည်ဆိုင်ရာ စီးပွားရေးဗဟိုဌာန (IBC) ၌ ဖေဖော်ဝါရီ ၅ရက်(တနင်္လာနေ့)တွင် ကျင်းပရန် စီစဉ်ထားသော်လည်း ထိုနေ့တွင်ကျင်းပမည်မဟုတ်ဘဲ ကျင်းပမည့်ရက်ကို ထပ်မံကြေညာမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သစ်လုပ်ငန်းရှင်အသင်း)

ဇန်နဝါရီ ၂၈ ရက်ကကျင်းပသည့် ဓနုဖြူမြို့နယ်အသင်း နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲတွင် ၂၀၀၅-၂၀၀၆ တက္ကသိုလ်ဝင်စာမေးပွဲ ခြောက်ဘာသာဂုဏ်ထူးရှင် မဝင့်ကေခိုင်ဘုန်းမြင့်အား အသင်းနာယက ဦးစောလွင် ပညာရည်ချွန်ဆုချီးမြှင့်စဉ်။ (က-ပ)

ဇန်နဝါရီ ၂၆ ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သော အခြေခံစည်းရုံးရေးသင်တန်း အမှတ်စဉ်(၂၈) သင်တန်းဆင်းပွဲတွင် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးသာဝင်း ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

မွန်ပြည်နယ် မော်လမြိုင်မြို့ သမိုင်းဝင်ကျိုက်သလွံစေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်း ဘက်စုံပြုပြင်တည်ဆောက်မှုလုပ်ငန်းအတွက်ဇန်နဝါရီ ၂၆ရက်က နှစ်ဖက်သောမိဘများအား ဦးထိပ်ထား၍ အလှူရှင် မော်လမြိုင်မြို့ မရမ်းကုန်းရပ်နေ ဒေါက်တာလှမြတ်ဦး-ဒေါက်တာကြည်ကြည်ဝင်း၊ သား အောင်မြတ်သူ၊ သမီး အေးမို့သူမိသားစုက ငွေကျပ်လေးသိန်းငါးသောင်း ပေးအပ်လှူဒါန်းရာ ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်း လက်ခံယူစဉ်။ (၂၅၇)

ငယ်စဉ်က မုံရွာမြို့ကိုသွားလိုရင် ပုံတောင်ကို ခြေကျင်နှစ်ညအိပ် ဖြတ်ကျော်ပြီးမှသာ ကားလမ်းနဲ့နီးရာကို ရောက်ရ၊ ယခုလို ရထားလမ်းဆိုတာ အိပ်မက်ပင်မမက်ဖူးခဲ့ပါ။

ဦးချင်းမောင် (ကျောရွာ)

ဟိုးယခင်က ရထားတို့ ကားတို့ဆိုတာ စီးဖူးဖို့ဝေးလို့ မြင်တောင်မမြင်ဖူးခဲ့ပါ၊ ယခုမြင်ရရုံတွင်မက စီးပင်စီးဖူးခဲ့ပြီဖြစ်ရာ မည်ကဲ့သို့ ပျော်မှန်းပင်မသိရကြောင်း။

(ဒေါ်ထွေးမ၊ ဒေါ်ငွေကြိန်)
(ဖုန်းဆိုးကြယ်ရွာ)

ယခင်ကဆို မုံရွာကိုသွားဖို့ ပုံတောင်တောင်တန်းကြီးကို ခြေကျင်နှစ်ညအိပ်ခရီး ကျော်ဖြတ်ခဲ့ရ။
(ဦးချင်းမောင်-ကျောကျေးရွာ)

❍ ပုံညာတောင်တန်းကြီးမှ

ပုံညာတောင်တန်းကြီးက သဘာဝ အတားအဆီးတစ်ခုအဖြစ် ပိတ်ဆို့ကာဆီးနေသည့်အတွက် ရထားလမ်း ဆက်စပ်ဖောက်လုပ်ရန် ခက်ခက်ခဲခဲ ဆောင်ရွက်ခဲ့ကြရသည်။

၁၀ နှစ်နီးပါးကြာမြင့်

ပုံညာတောင်ဥမင်ကို ၁၉၉၆ ခုနှစ် နိုဝင်ဘာလ၁၆ ရက်မှစတင်ဖောက်လုပ်ခဲ့ပြီး၂၀၀၆ ခုနှစ် ဇူလိုင်လတွင်မှ ပြီးစီးခဲ့ပေရာဥမင်ဖောက်လုပ်ရသည့် ကြာမြင့်ချိန်မှာ ၁၀ နှစ်နီးပါးရှိခဲ့ပြီး ဤဆက်စပ် ရထားလမ်းပိုင်းနှင့် ပုံညာတောင်ဥမင် ပြီးစီးရန်အတွက် ကြုံတွေ့ရသည့် အခက်အခဲများ၊ ပင်ပန်းဆင်းရဲမှုများ မှာလည်း ပြောမကုန်နိုင်အောင် ရှိခဲ့သည်။

တစ်မိုင်ကျော်ရှိ

ယင်းအခက်အခဲများနှင့်ပတ်သက်၍ ရထားလမ်းနှင့် ဥမင်ကို အစအဆုံး တာဝန်ယူဖောက်လုပ်ခဲ့သူ စီမံကိန်းအင်ဂျင်နီယာ ဦးမောင်မောင်သွင်က ဤ ကျော-ရေမျက်နီ ဆက်စပ်ရထားလမ်းပိုင်းနှင့် ပုံညာတောင် ဥမင် ဖောက်လုပ်ရာ ပုံညာတောင်သည် ပေပေါင်း ၃၀၀၀ ကျော်မြင့်ပြီး ဥမင်ဖြတ်သန်းရာတောင်၏ အရှေ့ဘက်ခြမ်းနှင့် အနောက်ဘက်ခြမ်း အကွာ

ရေ စိမ့် ဝင် မှု မြေသား သိပ်သည်းဆ နည်းပါးမှုတို့ကြောင့် အထူးဂရုစိုက် ဖောက်လုပ်ခဲ့ရ။
(ဦးမောင်မောင်သွင် စီမံကိန်းအင်ဂျင်နီယာ ပခုက္ကူ-ဂန့်ဂေါ-ကလေး ရထားလမ်းဖောက် လုပ်ရေးစီမံကိန်း)

အထူးသဖြင့် ဤဒေသမှာ ပြတ်ရွှေ့ဇုန်များပေါများသည့်အတွက် အကြိုတိုင်းတာရေး လုပ်ငန်းတွေမှာ ကောင်းကင်ဓာတ်ပုံတွေကို အသုံးပြုပြီး အန္တရာယ်ရှိသည့် ပြတ်ရွှေ့ဇုန်တွေကနေ လွတ်ကင်းအောင် တိုင်းတာဖောက်လုပ်ခဲ့ရကြောင်း၊ ချိုင့်ဝှမ်း၊ တောင်ကုန်း ထူထပ်ခြင်းကြောင့် အချို့နေရာတွေမှာ ၁၂၅ ပေအထိ မြေသားများဖို့ခဲ့ရပြီး တချို့နေရာတွေမှာ အနက် ၁၃၅ ပေ

ယခု ရထားလမ်းတိုက်ရိုက်ပေါက်သွားပြီဖြစ်လို့ အချိန်ကုန် ငွေကုန်သက်သာစွာဖြင့် ကျောရွာသို့သွားနိုင်ပြီ။ (မတင်အေးနှင့်အဖွဲ့-ရေမျက်နီရွာ)

အဝေးမှာ တစ်မိုင်ကျော်ရှိကြောင်း၊ အောက်ခံမြေသားနှင့် ဥမင်ဖြတ်သန်းရာတောင်အတွင်းပိုင်း မြေသားများမှာလည်း သက်နုအနည်ကျကျောက်မြေမျိုးဖြစ်၍ ကျောက်သားမြေသိပ်သည်းမှု တစ်နေရာနှင့်တစ်နေရာမတူ ကွဲပြားပြီး အချို့အတွင်းပိုင်းတွင် ရေစိမ့်ဝင်မှုကြောင့် ခံနိုင်ရည်အားမရှိဘဲ ဖောက်လုပ်ပြီး ဥမင်များ မကြာခဏ ပြိုကျတတ်မှုကြောင့် အထူးဂရုစိုက် ဖောက်လုပ်ခဲ့ရရာ လုပ်ငန်းတွင်ကျယ်မှုနှေးကွေးပြီး တစ်နေ့တာ ဖောက်လုပ်နိုင်မှုမှာနှစ်ပေဝန်းကျင်သာရှိကြောင်း။

အထိ မြေသားတူးဖော်ခဲ့ရတာကို ကြိမ်ဖန်များစွာကြုံခဲ့ရကြောင်း ရှင်းလင်းပြောကြားသည်။

တစ်ဆက်တစ်စပ်တည်း

ဤကဲ့သို့ အခက်အခဲမျိုးစုံ ကြုံတွေ့ခဲ့ရသော်လည်း မြန်မာ့မီးရထားမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၏ မလျှော့သော ဇွဲ၊ လုံ့လ၊ စေတနာတို့ကြောင့် သဘာဝအဆီးအတား အခက်အခဲကြီးဖြစ်သော ပုံညာတောင်တန်းကြီးကို ဥမင်ဖြတ်သန်း ဖောက်လုပ်နိုင်ခဲ့ပြီး ကျောနှင့် ရေမျက်နီကြား ပြတ်တောက်

ကွာဟချက်ကို တစ်ဆက်တစ်စပ်တည်း ဆက်သွယ်ပေးနိုင်ခဲ့ကာ ပခုက္ကူ-ဂန့်ဂေါ-ကလေး ရထားလမ်းပိုင်းကြီးကို တစ်ဆက်တစ်စပ်တည်း အပြည့်အဝ ရထားများ ပြေးဆွဲနိုင်ခဲ့ပြီဖြစ်သည်။

အိပ်မက်ပင်မမက်ဖူးခဲ့

ဤရထားလမ်းပိုင်း ဖွင့်လှစ်နိုင်မှုကြောင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ပြီး ဒေသတွင်းနေ ပြည်သူများ သွားလာရေး အဆင်ပြေလာပုံကို ရထားလမ်းဖွင့်ပွဲ အခမ်းအနား တက်ရောက်လာသည့် ကျောကျေးရွာမှ အသက် (၇၈) နှစ်ရှိ ဦးချင်းမောင်က ၎င်းငယ်စဉ်က မုံရွာမြို့ကိုသွားလိုရင် ပုံတောင်ကို ခြေကျင်နှစ်ညအိပ် ဖြတ်ကျော်ပြီးမှသာ ကားလမ်းနဲ့နီးရာကို ရောက်ရကြောင်း၊ ယခုလို ရထားလမ်းဆိုတာ အိပ်မက်ပင် မမက်ဖူးခဲ့ပါကြောင်းဖြင့် ယောဒေသ သံဝဲဖြင့် ပြောကြားသည်။

ထို့အတူပင် ဖွင့်ပွဲအထိမ်းအမှတ် ရထားခရီးစဉ်မှာ လိုက်ပါစီးနင်းခဲ့ကြသည့် ကျောဒေသ ဖုန်းဆိုးကြယ်ရွာမှ အသက်(၈၅)နှစ်ရှိအဘွားဒေါ်ထွေးမနှင့် အဘွားဒေါ်ငွေကြိန်တို့ကလည်းဟိုးယခင်က ရထားတို့ ကားတို့ဆိုတာ စီးဖူးဖို့ဝေးလို့ မြင်တောင်မမြင်ဖူးခဲ့ပါကြောင်း၊ ယခုမြင်ရရုံတွင်မက စီးပင်စီးဖူးခဲ့ပြီ ဖြစ်ရာ မည်ကဲ့သို့ ပျော်မှန်းပင်မသိရကြောင်း ဝမ်းပန်းတသာ ပြောပြကြသည်။

အချိန်ကုန် ငွေကုန်သက်သာ

အလားတူ ရေမျက်နီမှ စျေးဝယ်လာသူ မတင်အေးနှင့်အဖွဲ့ကလည်း ယခင်ကရထားလမ်းမှာ ရေမျက်နီအထိသာ ပေါက်ပြီး ကျောရွာဘက်တွင် ပုံညာ

ဖွင့်ပွဲအထိမ်းအမှတ် ပြေးဆွဲသော အထူးရထားပေါ်တွင် တပျော်တပါး လိုက်ပါစီးနင်းကြသည့် ဒေသခံပြည်သူများ။

တောင်ခံနေ၍ ရထားတိုက်ရိုက်စီးမရခဲ့ကြောင်း၊ ကားကိုသာ ခက်ခက်ခဲခဲ တိုးဝှေ့စီးနင်းပြီး ကျောမှာ စျေးဝယ်ရကြောင်း၊ ယခုရထားလမ်းတိုက်ရိုက် ပေါက်သွားပြီဖြစ်၍ အချိန်ကုန်ငွေကုန် သက်သာစွာဖြင့် ကျောသို့သွားနိုင်ပြီ ဖြစ်ကြောင်း ပြောပြကြသည်။

လွယ်ကူစွာကူးသန်းနိုင်

ဤကဲ့သို့ ရထားလမ်းများကို နိုင်ငံအနှံ့ ဖောက်လုပ်ဖွင့်လှစ်ပေးနိုင်ခြင်းကြောင့် မြန်မာနိုင်ငံ ဒေသအသီးသီးနေ ပြည်သူအချင်းချင်း အပြန်အလှန် လွယ်ကူစွာ ကူးသန်းဆက်သွယ်နိုင်ကြပြီး ဒေသထွက်ကုန်စည်များကို ဈေးနှုန်းသက်သာစွာဖြင့် အရေအတွက်များစွာ သယ်ဆောင်ရောင်းဝယ်ဖောက်ကားနိုင်ကြမည်ဖြစ်ရာ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ စည်းလုံးချစ်ကြည်မှုကို ပိုမိုခိုင်မာလာစေမည်ဖြစ်သည့်အပြင် ဒေသတွင်းစီးပွားရေး၊ လူမှုရေးနှင့် ကျန်းမာရေး၊ ပညာရေးကဏ္ဍများပါမကျန် ဘက်စုံဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်သည်။

ဤသည်မှာ နိုင်ငံတော်၏ရည်မှန်းချက်ဖြစ်သည့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့ပြီး ပြည်ထောင်စုကြီး၏ ဒေသတစ်ခုနှင့်တစ်ခုအကြား ကွာဟချက်များ လျော့နည်းကျဆင်းရေး၊ နယ်မြေဒေသအားလုံး တစ်ပြေးညီ မျှမျှတတ ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသား ညီအစ်ကိုအချင်းချင်း အပြန်အလှန် နားလည်ချစ်ကြည်ရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးဆိုသည့် အချက်များကို ပြီးစီးသွားသည့် ပခုက္ကူ-ဂန့်ဂေါ-ကလေး ရထားလမ်းပိုင်း တစ်ဆက်တစ်စပ်တည်း ဖြစ်တည်မှုက များစွာပံ့ပိုးထောက်ကူနိုင်မည် ဖြစ်သည်။ ပုံညာတောင်ဆိုသည့် သဘာဝအတားအဆီးကို အောင်မြင်စွာ ဖြတ်သန်းနိုင်ရန် ကြိုးပမ်းခဲ့ကြသည့် တာဝန်ရှိသူများ၊ ဝန်ထမ်းများ၏ ဇွဲ၊ လုံ့လ၊ စွမ်းပကား၊ ဝိုင်းဝန်းကူညီပေးခဲ့ကြသည့် တပ်မတော်သားများနှင့် ဒေသခံများ၏ စုစည်းညီညွတ်မှုတို့ကို ဤရထားလမ်းပိုင်းကြီးက ဖော်ညွှန်းပြဆိုလျက် ရှိနေပါသည်။ ။

ဟိုး ယ ခင် က ရထားတို့ ကားတို့ ဆိုတာ စီးဖူးဖို့ ဝေးလို့ မြင်တောင် မမြင်ဖူးခဲ့။
(ဖုန်း ဆိုး ကြယ်ရွာမှ အဘွား ဒေါ်ထွေးမနှင့်-ဒေါ်ငွေကြိန်)

ဗုဒ္ဓပူဇနီယပွဲတော်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ

ရန်ကုန် ဇန်နဝါရီ ၂၉

ရန်ကင်းမြို့နယ် (၅)ရပ်ကွက်၊ ပညာဝတီရိပ်သာကျောင်း တိုက်အတွင်းရှိ ကမ္ဘာ့သယ ဆုတောင်း ပြည့်စေတီတော် ဗုဒ္ဓပူဇနီယပွဲတော်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ကျင်းပမည်ဖြစ်ရာ ဇန်နဝါရီ ၃၁ရက် ညနေတွင် ဆွမ်းတော်ကြီးကပ်လှူပြီး ဖေဖော်ဝါရီ ၁ ရက် ညနေ ၄ နာရီတွင် ဘုရား အမှူးရှိသော သံဃာတော် ၄၅ ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူမည်ဖြစ်ရာ မည်သူမဆို မိမိစေတနာသဒ္ဓါ တရားအလျောက် လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

မိုးကုတ်ဝိပဿနာ ၁၀ရက်တရားစခန်း

ရန်ကုန် ဇန်နဝါရီ ၂၉

မြောက်ဥက္ကလာပမြို့နယ် (ည)ရပ်ကွက် ပုပ္ပား(၂) မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာကျောင်း၌ လစဉ်တရားစခန်းပွဲ ဖွင့်လှစ်လျက်ရှိရာ (၁၄၇)ကြိမ်မြောက် တရားစခန်းပွဲတွင် ပုပ္ပား(၂) မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာကျောင်း ဆရာတော် ဘဒ္ဒန္တသောဘန (ဓမ္မာစရိယ၊ LL.B)၊ပန်းချီဆရာကြီး ဦးလွန်းကြွယ်နှင့် ပုပ္ပား(၃) မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာကျောင်း ဆရာတော် ဘဒ္ဒန္တဇာဂရ (ဓမ္မာစရိယ၊ မဟာဓမ္မာစရိယ) တို့က ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် သစ္စာဆိုက်အောင် ဟောကြားပြသမည်ဖြစ်ရာ ယောဂီများ ဖေဖော်ဝါရီ ၄ ရက် (တနင်္ဂနွေနေ့) ညနေအရောက် လာကြရန်နှင့် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၆၉၀၀၅၉ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၃၀-၁-၂၀၀၇ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၁။	အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၂။	ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	လက်စွမ်းပြဟန်ဂီတသံ
၄:၁၅	၄။	အလွမ်းတေးပန်းချီချစ်သူဆီ
၄:၃၅	၅။	မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊အက၊ အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄:၅၅	၆။	မျိုးချစ်တပ်မတော်
၅:၂၅	၇။	ပညာခေတ်
၅:၄၀	၈။	သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၀။	နိုင်ငံတကာသတင်း
၆:၂၀	၁၁။	မိုးလေဝသသတင်း
၆:၃၀	၁၂။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀	၁၃။	လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၄။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - မုန်တိုင်းကြားက ချစ်လိပ်ပြာ (အပိုင်း-၄)**
၈:၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၇။	မွေးမြူသုတ
	၁၈။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၁၉။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ဝေဟင်ချစ်သူ (အပိုင်း-၁)**
	၂၀။	သင့်အတွက်မနက်ဖြန်
	၂၁။	အပိတ်နှုတ်ဆက်စကား
	၂၂။	ပြီးပါပြီ။

➪ ပဲခူးတိုင်းမှ

စက်ရုံသို့ရောက်ရှိပြီး ကြံရာသီကုန်ဆုံးသဖြင့် စက်ကိရိယာများ ကြံ့ခိုင်ရေး ဆောင်ရွက်မှု အခြေအနေများကို ကြံဖြတ်စက်တစ်လျှောက်ကိုလည်းကောင်း၊ ကြိတ်လုံးဌာနနှင့် ဘွိုင်လာဌာနတို့၌မော်တာများပြုပြင်မှုလုပ်ငန်းများ၊ ဘွိုင်လာများ ပြုပြင်မှုလုပ်ငန်းများကိုလည်းကောင်း၊ လျှပ်စစ်ဌာန၌ တာဘိုင်စက်များ၊ မော်တာနှင့်ဒိုင်နမိုများ ပြုပြင်ခြင်းလုပ်ငန်းများကိုလည်းကောင်း၊ ထိန်းချုပ်ခန်းကိုလည်းကောင်း၊ ကြံရည်ကျိုဌာနစိတ်၌ ကဏ္ဍအလိုက် စက်များပြုပြင်မှုကိုလည်းကောင်း၊ သကြားပေါင်းဌာန၌ စက်များပြုပြင်မှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကာ ဆက်လက်ဆောင်ရွက်ရမည့် ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ဝန်ကြီးသည် စက်ရုံရှင်းလင်းဆောင်၌ စက်ရုံမှတာဝန်ရှိသူများနှင့်တွေ့ဆုံရာ စက်ရုံမှူးက ထုတ်လုပ်မှုလုပ်ငန်းများနှင့်ဖြန့်ဖြူးမှုလုပ်ငန်းများကို ရှင်းလင်းတင်ပြကြပြီး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးလှိုင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ဝန်ကြီးက ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ကြံရာသီ၌ ကြံများအမြောက်အမြားရရှိရန် ကြံတောင်သူများအား စည်းရုံးဆောင်ရွက်သွားရေး၊ ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သွားရေး၊ စက်များတိုးတက်လည်ပတ်နိုင်ရေးကို နည်းလမ်းရှာဖွေသွားရေး စသည်ဖြင့် အသေးစိတ်ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် စက်မှုသုံးအရက်ပြန်စက်ရုံ(ဘီးလင်း)သို့ ရောက်ရှိ၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကိုကြည့်ရှုစစ်ဆေးပြီး စက်ရုံရှင်းလင်းဆောင်၌ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် စစ်တောင်းစက္ကူစက်ရုံအနီး တနောရေလှောင်တမံ စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ ဆည်မြောင်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင့်လွင်က တမံတည်ဆောက်မှုလုပ်ငန်းစဉ် အဆင့်ဆင့်နှင့် မြေသားပြုပြင်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက ဆည်မြောင်းတမံတည်ဆောက်ပြီးစီးပါက စစ်တောင်းစက္ကူစက်အတွက် အသုံးပြုနိုင်မည့် ရေပမာဏများ၊ ပတ်ဝန်းကျင်ကျေးရွာများအတွက် ဆည်ရေသောက်လယ်ယာများ အကျိုးပြုမည့်အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီးဝန်ကြီးက လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဝန်ကြီးသည် ရေလှောင်တမံကို စက်ယန္တရားများဖြင့် တည်ဆောက်မှုအခြေအနေများ၊ မြေသားပြုပြင်မှုအခြေအနေများကို ကြည့်ရှုသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း စစ်တောင်း အမှတ်(၁) စက္ကူစက်ရုံရှိ ဓာတုဗေဒစက်ရုံခွဲသို့ရောက်ရှိ၍ ကုန်ထုတ်လိုင်းတစ်လျှောက် ကော့စတစ်ဆိုဒါထုတ်လုပ်မှုလုပ်ငန်းများကို လည်းကောင်း၊ ဆာလ်ဖျူရစ်အက်စစ်သိုလှောင်ထားရှိမှုအခြေအနေများ၊ ဝါးတင်ဆိပ်ရှိ စစ်တောင်းမြစ်ဝှမ်းမှဝါးများကို ကမ်းပေါ်သို့သယ်ဆောင်ရန် ကရိန်းများတပ်ဆင်မှု အစီအမံများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် သစ်ဝါးဖြတ်စ ထုတ်လုပ်ရေးစက်ရုံခွဲသို့ရောက်ရှိ၍ ရွှေ့လျား စက်လှေကားဖြင့် ဝါးဖြတ်စက်သို့ ဝါးများသယ်ပို့မှုလုပ်ငန်းနှင့် ဝါးဖြတ်စင်းခြင်းလုပ်ငန်းများကိုလည်းကောင်း၊ ဓာတ်ဆားပြန်ထုတ်စက်ရုံခွဲရှိ ထုတ်လုပ်မှုလုပ်ငန်းများကိုလည်းကောင်း၊ စက္ကူထုတ်ဌာနရှိ ထုတ်လုပ်ပြီး စက္ကူများကို လည်းကောင်း၊ တစ်တန်ကျ ကတ်ထူစက္ကူထုတ်လုပ်မှုလုပ်ငန်းများကိုလည်းကောင်း၊ အရွယ်အစားအလိုက် စက္ကူများ ဖြတ်တောက်ခြင်းလုပ်ငန်းများ၊ မျဉ်းသားခြင်းလုပ်ငန်းများ၊ ထုပ်ပိုးပြီးစက္ကူထုပ်များကိုလည်းကောင်း၊ စက်ရုံထုတ်စက္ကူအမျိုးအစားများနှင့် ကုန်ကြမ်းပစ္စည်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် ယနေ့နံနက်၇နာရီခွဲတွင် ပဲခူးမြို့ ဝင်းသူဇာအရောင်းဆိုင်သို့ ရောက်ရှိပြီး ဝင်းသူဇာအရောင်းဆိုင်၏ စက်မှု(၁)ထုတ်ကုန်ပစ္စည်းများ ရောင်းချမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် ရန်ကုန်တိုင်း လှည်းကူးမြို့နယ် မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း အသည်းရောင်အသားဝါ(ဘီ) ကာကွယ်ဆေးစက်ရုံရှင်းလင်းဆောင်သို့ရောက်ရှိရာ ရှေးဦးစွာ စက်ရုံမှူး ဒေါက်တာအောင်ဌေးဦးက စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ဝန်ထမ်းအင်အား၊ စက်ရုံ၏ ထုတ်လုပ်မှုအခြေအနေ၊ ကုန်ကြမ်းများအခြေအနေစသည်များကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ မှာကြားကာ တိုးချဲ့စက်ရုံတည်ဆောက်မည့် မြေနေရာကို ကြည့်ရှုစစ်ဆေးကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသော ၂၀၀၄–၂၀၀၅ခုနှစ်အတွက် ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ် ချီးမြှင့်ပေးအပ်ပွဲအခမ်းအနားကို မော်လမြိုင်မြို့ရှိ ပြည်နယ်ခန်းမတွင် ဒီဇင်ဘာ ၂၉ ရက်ကကျင်းပရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်းက လူမှုထူးချွန်တံဆိပ် တတိယဆင့်ရရှိသူ မော်လမြိုင်မြို့ မြိုင်သာယာရပ်ကွက်နေ ဦးနေဝင်းအား ဂုဏ်ထူးဆောင်တံဆိပ်ချီးမြှင့်စဉ်။ (၃၀၇)

ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား စင်ကာပူဧည့်သည်အဖွဲ့ လာရောက်တွေ့ဆုံ

ရန်ကုန် ဇန်နဝါရီ ၂၉

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား စင်ကာပူသမ္မတနိုင်ငံ Ntegrator Pte Ltd မှ Managing Director Mr. Jimmy Chang ဦးဆောင်သောအဖွဲ့သည် ယနေ့ ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။ **(အောက်ပုံ)**

ထိုသို့ တွေ့ဆုံရာသို့ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့်လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ရုံးအဖွဲ့မှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

ဗုဒ္ဓမြတ်စွာဘုရား၏ ဒေသနာကျမ်းဂန်တော်လာ ဂီဟိဝိနယဆုံးမစာ အမှတ်စဉ်(၁၂)

ပျက်စီးလွယ်သောသူ(၄)ယောက်

လောကတွင် လူကောင်းများရှိသကဲ့သို့ လူညံ့၊ လူဖျင်း၊ လူပျင်းများလည်း ရှိတတ်ပါသည်။ ထိုလူအမျိုးအစားများမှာ–

- **အရက်သေစာကို စွဲစွဲလမ်းလမ်း အလွန်အကျွံသောက်တတ်ခြင်း (ကျန်းမာရေးနှင့် လူမှုရေးအရ အကြောင်းအကျိုးခိုင်လုံစွာ အနည်းအပါး သောက်သုံးရသည်ကို မဆိုလိုပါ)၊**
- **အကြောင်းအကျိုးခိုင်လုံမှုမရှိဘဲ ညဉ့်နက်သန်းခေါင် အလေအလွင့် လှုပ်ရှားသွားလာတတ်သူ၊**
- **ပွဲလမ်းသဘင်ကို အလွန်အကျွံခုံမင်တွယ်တာကာ ရှုစားတတ်သူ (တစ်ခါတစ်ရံ စိတ်အပန်းဖြေရန် ကြည့်ရှုခံစားခြင်းကို အပြစ်မဆိုနိုင်ပါ)၊**
- **လောင်းကစားမှုကို တစ်စိုက်မတ်မတ် စွဲလမ်းဆောင်ရွက်တတ်သူ (လောင်းကစားဟူသည် နည်းသည်များသည်မဟူ ဘာတစ်ခုမျှ အကျိုးမပြုနိုင်ပါ)**

“သောက်ထုပ်သေရက်၊ ညဉ့်နက်လမ်းသွား၊ ရှုစားသဘင်၊ ပျော်ရွှင်အန်စာ၊ လေးရပ်မှာပင် တကွထင်သည်၊ လေးအင်ပါယ် သဟဲတည်း”

မိဘများသည် မိမိတို့သားသမီးများအား အထက်ဖော်ပြပါ လူပေ့လူပျက် အမျိုးအစားများထဲတွင် ပါမသွားအောင် သွန်သင်ဆုံးမကြရန် လိုအပ်သည်။ လူငယ်အပေါင်းတို့သည်လည်း မိမိတို့ကိုယ်တိုင် လူပေ့လူပျက်၊ လူညံ့များ မဖြစ်ရလေအောင် မိမိကိုယ်ကို မိမိထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားရပေမည်။ သို့မှသာ နိုင်ငံ့သားကောင်းများ ပေါ်များပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များ ရရှိနိုင်မည်ဖြစ်သည်။

(သာသနာရေး)

မြေနီကုန်းဓမ္မာရုံ တရားပွဲများကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၉

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းဓမ္မာရုံ၌ သာသနာ ၂၅၀၀ ပြည့်အထိမ်းအမှတ်အဖြစ်ဖြင့် တည်ထားကိုးကွယ်ခဲ့သော လောကဇေယျ ဆုတောင်းပြည့်စေတီတော် ရွှေရတုဓမ္မပူဇာ ပူဇော်ပွဲများကို ဖေဖော်ဝါရီ ၃ ရက်မှ ၁၄ ရက်အထိ ညစဉ် ၇ နာရီတွင် ကျင်းပမည်ဖြစ်သည်။

ဖေဖော်ဝါရီ ၃ ရက်တွင် အရှင်ကုသလ M.A, (နာလန္ဒာတက္ကသိုလ်)၊ ၄ရက်တွင် အရှင်သာဂရ ရေစကြို၊ ၅ ရက်တွင် အရှင်ပညာနန္ဒ (ဗဟုဇနဟိတရေ – မဟာစည်နယ်လှည့်)၊ ၆ရက်တွင် အောင်ခြင်းဆရာတော် ဘဒ္ဒန္တကုဏ္ဍလ၊ ၇ရက်တွင် (ရွှေပြည်ဟိန်း) သီတဂူ ကြယ်တပွင့် အရှင်ခေမာသိရီလင်္ကာရ၊ ၈ ရက်တွင် (သီတဂူကြယ်တပွင့်) အရှင်ပညာနန္ဒ၊ ၉ ရက်တွင် အရှင်ခေမိန္ဒ စစ်ကိုင်း၊ ၁၀ ရက်တွင် အရှင်ဝီရိယ ဓမ္မဘောရီ တောင်စွန်း၊ ၁၁ ရက်တွင် အရှင်အာစာရလင်္ကာရ ရွှေဟင်္သာစစ်ကိုင်း၊ ၁၂ရက်တွင် ဘဒ္ဒန္တ ဒေါက်တာစန္ဒာဝရ ဘိဝံသမဟာဌာနမှူး မဟာကမ္မဋ္ဌာနာစရိယ (ဗုဒ္ဓတက္ကသိုလ်)၊ ၁၃ရက်တွင် ဓမ္မဒူတ အရှင်ပညာဝရ သိမ်ဇရပ်၊ ၁၄ရက်တွင် ဓမ္မဒူတအရှင်ကောသလ္လ မုဒ္ဒံဆရာတော်တို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က–ပ)

အစုလိုက် ဝက်သက်ရောဂါကာကွယ်ဆေးထိုး အစီအစဉ်အရ မင်္ဂလာတောင်ညွန့်မြို့နယ် သပြေကုန်းရပ်ကွက်ရုံး၌ ဇန်နဝါရီ ၁၄ ရက်က ဆေးထိုးခြင်းလုပ်ငန်းဆောင်ရွက်ရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်ဥမ္မာမြင့်၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ရပ်ကွက်စည်းရုံးရေးမှူး ဦးအုန်းမြင့်၊ ရပ်ကွက်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်သန်းသန်းမြင့်နှင့် အဖွဲ့ဝင်များက ဝိုင်းဝန်းကြပ်မတ်ဆောင်ရွက်စဉ်။ (၃၀)

ဖေဖော်ဝါရီလပတ်အတွက် မိုးလေဝသ ခန့်မှန်းချက်

ရန်ကုန် ဇန်နဝါရီ ၂၉

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့်သာယာမည်။

ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ၃ ရက်မှ ၅ ရက်ခန့်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တစ်ရက်မှ နှစ်ရက်ခန့် နေရာကွက်ကျား မိုးရွာနိုင်သည်။

ညအပူချိန်

ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် ဖြစ်မြဲအောက်လျော့ကာ ကျန်ပြည်နယ်နှင့် တိုင်းများတွင် ဖြစ်မြဲခန့်သာရှိမည်။

ဆိပ်ကြီးခနောင်တိုမြို့နယ် အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်း မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲတွင် ပညာရည်ချွန်ဆုရ ဆဋ္ဌမတန်းကျောင်းသူ မကြည်ကြည်ခိုင်အား ကျောင်းအုပ်ဆရာကြီး ဦးစိုးမြင့်က ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (ပညာရေး)

✳ ရှေ့ဖုံးမှ

လျှပ်စစ်ဓာတ်အားများကို မဟာဓာတ်အားလိုင်းစနစ်အတွင်း ထည့်သွင်း ဖြန့်ဖြူးသွားမည့် စီမံထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြကြ

ထို့နောက် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် တိုင်းမှူး ဗိုလ်ချုပ်သာအေးတို့က စီမံကိန်းဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးချုပ်က သတ်မှတ်ပစ္စည်းများ အချိန်ကိုက်ရရှိရေးတို့အတွက် ပြင်ဆင်ဆောင်ရွက်ထားရေး စသည့် လုပ်ငန်းကိစ္စများကို မှာကြားပြီး စီမံကိန်းလုပ်ငန်းဆောင်ရွက်နေမှုများ၊ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

မြစ်သာ ရေလှောင်တမံ ဘက်စုံစီမံကိန်းမှာ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၄၀ ထုတ်ယူနိုင်အားရှိမည့်အပြင် စိုက်ပျိုးမြေ ဧက ၁၂၀၀၀ ကိုလည်း ဆည်ရေပေးဝေနိုင်မည့် စီမံကိန်းဖြစ်သည်။

ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၂ နာရီတွင် ဂန့်ဂေါမြို့သို့ ရောက်ရှိကြပြီး ရှေးဦးစွာ ပြည်သူ့ဆေးရုံသို့ သွားရောက်၍ အမျိုးသားကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးက ခုတင် (၅၀)ဆံ့ ဆေးရုံမှ ခုတင် (၁၀၀)ဆံ့ ဆေးရုံအဖြစ် တိုးမြှင့်ရာ၌ လိုအပ်ချက်များကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးချုပ်က နိုင်ငံတော်က ဂန့်ဂေါဆေးရုံကို ခုတင် (၁၀၀)ဆံ့ ဆေးရုံအဖြစ် တိုးမြှင့်ပေးလိုက်ပြီဖြစ်ရာ ခုတင် (၁၀၀) ဆံ့နှင့် လျော်ညီသော အဆောက်အအုံများနှင့် ဆေးပစ္စည်းများကို ထည့်သွင်းတည်ဆောက်သွားရမည်ဖြစ်၍ ဆေးရုံ၏ လက်ရှိအဆောက်အအုံ အနေအထားနှင့် မြေအကျယ်အဝန်းတို့ဖြင့် လုံလောက်မှု ရှိ-မရှိ၊ အဆောက်အအုံများ မည်သို့တိုးချဲ့မည်ကို စနစ်တကျ

ဒေသခံပြည်သူများက နိုင်ငံတော်၏ စေတနာနှင့် ဆောင်ရွက်ပေးမှုများအပေါ် နားလည်သဘောပေါက်ခံယူ ဒေသဖွံ့ဖြိုးရေး၊ ဒေသတွင်းစီးပွားရေး ခိုင်မာတောင့်တင်းရေးအတွက် ကြိုးပမ်းလုပ်ကိုင်ဆောင်ရွက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ဂန့်ဂေါမြို့ မြစ်သာခန်းမ၌ ဂန့်ဂေါခရိုင်နှင့် ဂန့်ဂေါ၊ ထီးလင်း၊ ဆော၊ ကျောက်ထုမြို့တို့မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ကာလထက် စီမံကိန်းလုပ်ငန်းများ စော၍ ပြီးစီးအောင် ဆောင်ရွက်နိုင်ရေး၊ တမံပြီးသည်နှင့် ဆည်ရေသောက်စနစ်ပါ ပြီးစီးရေး၊ ထုတ်ယူရရှိမည့် ဓာတ်အားကို ဒေသအတွင်း ဖြန့်ဖြူးရေးနှင့် မဟာဓာတ်အားလိုင်းအတွင်းသို့ ဆက်စပ်ထည့်သွင်းရေး၊ ရေအားလျှပ်စစ် တာဘိုင်များနှင့် လူနာဆောင်ကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝင်းရွှေဝင်းက လက်ရှိ ခုတင် (၅၀)ဆံ့ ဆေးရုံအတွက် တိုးချဲ့လူနာဆောင် ဆောက်လုပ်ရန် လျာထားမှုနှင့် မြေနေရာ အနေအထားများကို ရှင်းလင်းတင်ပြ စီမံရန် မှာကြားပြီး ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

တွေ့ဆုံ

ထို့နောက် ဂန့်ဂေါမြို့ မြစ်သာခန်းမ၌ ဂန့်ဂေါခရိုင်နှင့် ဂန့်ဂေါ၊ ထီးလင်း၊ ဆော၊ ကျောက်ထုမြို့တို့မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိ မြို့ဖများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ဝန်ကြီးချုပ်က နည်းပညာတက္ကသိုလ်(မုံရွာ) ဖွင့်ပွဲ၊ ကျော-ရေမျက်နီ ရထားလမ်းပိုင်းနှင့် ပုံညာတောင် ဥမင်ဖွင့်ပွဲ အခမ်းအနားများကို တက်ရောက်ရင်း ဂန့်ဂေါဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးနိုင်ရန် ရောက်ရှိလာမှု၊ နယ်စပ်ဒေသများပါ မကျန် နိုင်ငံတော်၏ ဒေသအသီးသီး မျှမျှတတ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်အပိုင်းက အားထုတ်ကြိုးပမ်း ဆောင်ရွက်ပေးနေမှု၊ နောင်ပြောင်းလဲဖြစ်ပေါ်လာမည့် ဒီမိုကရေစီနိုင်ငံတော်၏ အုပ်ချုပ်ရေးနှင့် လျော်ညီအောင် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့ အဆင့်ဆင့်အား ပြောင်းလဲလေ့ကျင့် တာဝန်ပေးအပ်နေမှုများနှင့် ဒီမိုကရေစီနိုင်ငံတော်အဖြစ် ညင်သာစွာ အသွင်ကူးပြောင်းရေးအတွက် ချမှတ်ထားသော မူဝါဒ လုပ်ငန်းစဉ်များအတိုင်း တက်ညီလက်ညီ အရှိန်အဟုန်ရှိရှိ ဆက်လက်ကြိုးပမ်းရန် အရေးကြီးပုံ၊ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်နှင့် ပြည်နယ်/တိုင်း အုပ်ချုပ်ရေးအဖွဲ့ အဆင့်ဆင့်သည် ပြည်သူ့အကျိုးအတွက် မိမိတို့၏ လုပ်ကိုင်ဆောင်ရွက်မှုများကို ပြည်သူများအား သက်သေပြုရန်၊ ပြည်သူများနှင့် အမြဲထိတွေ့ စောင့်ရှောက်ကြရန် လိုအပ်ပုံတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဂန့်ဂေါခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအင်းကြူနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြည့်ဆည်းပေးရန် လိုအပ်သည့် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာများကို ရှင်းလင်းတင်ပြကြသည်။

ကျန်းမာရေးစောင့်ရှောက်မှု

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးချုပ်က **ဂန့်ဂေါဒေသအတွင်း ကားလမ်း၊ ရထားလမ်းများ တိုးတက်ကောင်းမွန်အောင် လုပ်ကိုင်ဆောင်ရွက်နေသကဲ့သို့ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ခုတင် (၅၀)ဆံ့ ဂန့်ဂေါဆေးရုံကို ခုတင် (၁၀၀)ဆံ့ ဆေးရုံကြီးအဖြစ် အဆင့်ဆင့် မြှင့်တင်ပေးလိုက်ပြီးဖြစ်ကြောင်း။**

ထို့အတူ ဒေသအတွင်းတည်ရှိသော တိုက်နယ်ဆေးရုံနှင့် ကျေးလက်ကျန်းမာရေး ဌာနများ၌လည်း လိုအပ်သော ဆေးနှင့် ဆေးပစ္စည်းများ ပြည့်စုံရန် စီမံပေးသွားမှာဖြစ်ကြောင်း။

ပညာရေးအပိုင်း အနေဖြင့်လည်း ယောဒေသအတွင်း ပညာတတ် လူ့အရင်းအမြစ်များ မွေးထုတ်ရာ၌ နည်းပညာနှင့်စပ်လျဉ်း၍ ကျွမ်းကျင်သူ အတတ်ပညာရှင်များ မွေးထုတ်နိုင်ရန်အတွက် နိုင်ငံတော်က ဂန့်ဂေါမြို့၌ စက်မှုလက်မှုသိပ္ပံ ဖွင့်လှစ်ရန် စီမံထားပြီးဖြစ်ကြောင်း။

ဒေသခံပြည်သူများ အပိုင်းကလည်း နိုင်ငံတော်၏ စေတနာနှင့် ဆောင်ရွက်ပေးမှုများအပေါ် နားလည်သဘောပေါက်ခံယူပြီး ဒေသဖွံ့ဖြိုးရေး၊ ဒေသတွင်းစီးပွားရေး ခိုင်မာတောင့်တင်းရေးတို့အတွက် ကြိုးပမ်း

မြစ်သာ ရေလှောင်တမံ ဘက်စုံစီမံကိန်းကို တွေ့ရစဉ်။ (သတင်းစဉ်)

လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၃၈၀ ထုတ်ယူနိုင်ရန်၊ မြစ်သာမြစ် လွင်ပြင်၌ နှစ်စဉ်ရေကြီးမှုကို ကာကွယ်နိုင်ရန်၊ ကလေးဝအောက်ပိုင်း မြစ်တစ်လျှောက် ရေကြီးမှုကို လျှော့ချနိုင်ရန်နှင့် လယ်မြေ ဧက ငါးသောင်းခန့်ကို စိုက်ပျိုးရေ ပေးဝေနိုင်ရန် ဟူသည့် ရည်ရွယ်ချက်များဖြင့် မဏိပူရ ရေလှောင်တမံ ဘက်စုံစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်။

ဖူးမြော်ကြည်ညို

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ စံကျောင်းတော်ရှိ အလောင်းတော် ကဿပအား ဖူးမြော်ကြည်ညိုကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း စံကျောင်းတော်ရှိ အလောင်းတော်ကဿပအား ရွှေသင်္ကန်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

တိုးတက်ရေးအတွက် ဖြည့်ဆည်းပေးရန် လိုအပ်သည့် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာများကို ရှင်းလင်းတင်ပြကြသည်။

ကျန်းမာရေးစောင့်ရှောက်မှု

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးချုပ်က **ဂန့်ဂေါဒေသအတွင်း ကားလမ်း၊ ရထားလမ်းများ တိုးတက်ကောင်းမွန်အောင် လုပ်ကိုင်ဆောင်ရွက်နေသကဲ့သို့ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ခုတင် (၅၀)ဆံ့ ဂန့်ဂေါဆေးရုံကို ခုတင် (၁၀၀)ဆံ့ ဆေးရုံကြီးအဖြစ် အဆင့်ဆင့် မြှင့်တင်ပေးလိုက်ပြီးဖြစ်ကြောင်း။**

ထို့အတူ ဒေသအတွင်းတည်ရှိသော တိုက်နယ်ဆေးရုံနှင့် ကျေးလက်ကျန်းမာရေး ဌာနများ၌လည်း လိုအပ်သော ဆေးနှင့် ဆေးပစ္စည်းများ ပြည့်စုံရန် စီမံပေးသွားမှာဖြစ်ကြောင်း။

ပညာရေးအပိုင်း အနေဖြင့်လည်း ယောဒေသအတွင်း ပညာတတ် လူ့အရင်းအမြစ်များ မွေးထုတ်ရာ၌ နည်းပညာနှင့်စပ်လျဉ်း၍ ကျွမ်းကျင်သူ အတတ်ပညာရှင်များ မွေးထုတ်နိုင်ရန်အတွက် နိုင်ငံတော်က ဂန့်ဂေါမြို့၌ စက်မှုလက်မှုသိပ္ပံ ဖွင့်လှစ်ရန် စီမံထားပြီးဖြစ်ကြောင်း။

ဒေသခံပြည်သူများ အပိုင်းကလည်း နိုင်ငံတော်၏ စေတနာနှင့် ဆောင်ရွက်ပေးမှုများအပေါ် နားလည်သဘောပေါက်ခံယူပြီး ဒေသဖွံ့ဖြိုးရေး၊ ဒေသတွင်းစီးပွားရေး ခိုင်မာတောင့်တင်းရေးတို့အတွက် ကြိုးပမ်း

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း အလောင်းတော်ကဿပ ဂေါပကအဖွဲ့ နာယက ဆရာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

လုပ်ကိုင် ဆောင်ရွက်ကြရန်မှာကြားပြီး တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

တွေ့ဆုံပွဲအပြီးတွင် ဂန့်ဂေါမြို့မှ စစ်ကိုင်းတိုင်း ကလေးမြို့နယ်ရှိ မဏိပူရ ရေလှောင်တမံ ဘက်စုံစီမံကိန်းသို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြပြီး ရေလွှဲဥမင်အမှတ်(၁)နှင့် အမှတ်(၂) အထွက်ပိုင်းတို့ကို စက်ယန္တရားများဖြင့် တူးဖော်နေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ရေလွှဲဥမင် အမှတ်(၁)နှင့် အမှတ်(၂) အဝင်ပိုင်းတို့ကို

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ဂန့်ဂေါမြို့ ပြည်သူ့ဆေးရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

စက်ယန္တရားများဖြင့် တူးဖော်နေမှုများကိုလည်းကောင်း၊ စီမံကိန်းအကြိုတည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ထားမှုများကို လည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ထို့နောက် စီမံကိန်းရှင်းလင်းဆောင်၌ ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ ဆည်မြောင်းဦးစီးဌာန အပိုင်းက တာဝန်ယူ ဆောင်ရွက်သွားရမည့် လုပ်ငန်းများ၊ ရေအားလျှပ်စစ်လုပ်ငန်းများ၌ အမှတ်(၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သွားမည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၄) ညွှန်ကြားရေးမှူး ဦးဗစ်တာက ရေလွှဲဥမင်၊ ရေအားလျှပ်စစ်ဥမင် ဖောက်လုပ်ရေးဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းက ရေအားလျှပ်စစ် ထုတ်ယူရရှိရေးအတွက် ဆည်မြောင်းဦးစီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်သွားမည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ပိုမိုစည်းအားဖြည့်

ဝန်ကြီးချုပ်က ရေအားလျှပ်စစ် စီမံကိန်းလုပ်ငန်းများအနက် မြန်မြန်ပြီးနိုင်သည့် စီမံကိန်းများကို မြန်မြန်ပြီးစီးအောင် ဆောင်ရွက်ပြီး ထမံသီ၊ မဏိပူရကဲ့သို့ စီမံကိန်းကြီးများကို ပိုမိုစုစည်းအားဖြည့်၍ အားထုတ်ဆောင်ရွက်ကြရန် မှာကြားသည်။

မဏိပူရ ရေလှောင်တမံကို ကလေးမြို့နယ် ကမ္ဘာ့နီတံတားအထက်ဘက် သုံးမိုင်ခန့်အကွာ မဏိပူရမြစ်ပေါ်၌ တည်ဆောက် အကောင်အထည်ဖော်နေခြင်းဖြစ်သည်။

လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၃၈၀ ထုတ်ယူနိုင်ရန်၊ မြစ်သာမြစ် လွင်ပြင်၌ နှစ်စဉ်ရေကြီးမှုကို ကာကွယ်နိုင်ရန်၊ ကလေးဝအောက်ပိုင်း မြစ်တစ်လျှောက် ရေကြီးမှုကို လျှော့ချနိုင်ရန်နှင့် လယ်မြေဧက ငါးသောင်းခန့်ကို စိုက်ပျိုးရေ ပေးဝေနိုင်ရန် ဟူသည့် ရည်ရွယ်ချက်များဖြင့် မဏိပူရ ရေလှောင်တမံ ဘက်စုံစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်သည်။

ရွှေသင်္ကန်းဆက်ကပ်လှူဒါန်း

ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ယင်းနေ့ နံနက် ၇ နာရီခွဲကလည်း ကနီမြို့နယ်ရှိ အလောင်းတော် ကဿပ အမျိုးသားဥယျာဉ်သို့ ရောက်ရှိကြပြီး စံကျောင်းတော်ရှိ အလောင်းတော်ကဿပအား ဖူးမြော်ကြည်ညို၍ ရွှေသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဝန်ကြီးချုပ်သည် အလှူငွေများကို ဂေါပကအဖွဲ့ဝင်များအား ပေးအပ်လှူဒါန်းသည်။

ယင်းနောက် အလောင်းတော် ကဿပလိုဏ်ဂူသို့ သွားရောက်ကြပြီး အလောင်းတော် ကဿပအား ရည်မှန်း၍ ပန်း၊ ဆီမီးများဖြင့် ကြည်ညိုကြသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အလောင်းတော် ကဿပ ဂေါပကအဖွဲ့ နာယက ဆရာတော်များအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဇန်နဝါရီ ၂၈ ရက် နံနက်ပိုင်းတွင် တပ်မတော်လေယာဉ်ဖြင့် မုံရွာမြို့မှ နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ●

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း အလှူငွေများကို အလောင်းတော်ကဿပ ဂေါပကအဖွဲ့ဝင်များထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဝပ် ၃၈၀ ထုတ်ယူနိုင်
၌ နှစ်စဉ်ရေကြီးမှုကို
အောက်ပိုင်း မြစ်တစ်
ချနိုင်ရန်နှင့် လယ်မြေ
ပျိုးရေ ပေးဝေနိုင်ရန်
ဖြင့် မဏိပူရရေလှောင်
ကောင်အထည်ဖော်

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၃၀–၁–၂၀၀၇ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။	**အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇း၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇း၅၀	၅။	ကဗျာပန်းဥယျာဉ်
၈း၀၀	၆။	နှောင်းခေတ်တေးပဒေသာ
၈း၁၀	၇။	အကပြိုင်ပွဲ
၈း၂၀	၈။	ကချင်ပြည်နယ် မိုးကောင်းတံတား
၈း၃၀	၉။	International News.
၈း၄၅	၁၀။	Let's Go.
၉း၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄း၃၀	၃။	English for Every day Use.
၄း၄၅	၄။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ဒုတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
၅း၀၀	၅။	ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၅း၁၅	၆။	ခံစားနားဆင်တေးဓာတ်ဝင်
၅း၂၅	၇။	**"ချစ်သောမြေ ချစ်သောရေ" (ရာဇာနေဝင်း၊ ခိုင်နှင်းဝေ) (ဒါရိုက်တာ–ခင်နွဲ့နွဲ့မူ)**
၅း၃၀	၈။	ဆိုကြမယ်၊ ပျော်ကြမယ်
၆း၀၀	၉။	ညနေခင်းသတင်း
၆း၃၀	၁၀။	မိုးလေဝသအခြေအနေ
၆း၃၅	၁၁။	**နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ "တောတွင်းသားငယ်လေး" (အပိုင်း–၄၇)**
၆း၅၀	၁၂။	ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၇း၀၅	၁၃။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ညီမငယ်ပါသေး" (အပိုင်း–၁၂)**
၈း၀၀	၁၄။	ပြည်တွင်းသတင်း
	၁၅။	နိုင်ငံတကာသတင်းများ
	၁၆။	မိုးလေဝသအခြေအနေ
	၁၇။	**နိုင်ငံခြားဇာတ်လမ်းတွဲ "တကယ်သဘောကျတယ်" (အပိုင်း–၂၀)**
	၁၈။	နောက်တစ်နေ့အစီအစဉ်
	၁၉။	အစီအစဉ်ပြီး၏။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး စစ်ကိုင်းတိုင်း မုံရွာခရိုင်၊ ရွှေဘိုခရိုင်၊ စစ်ကိုင်းခရိုင်နှင့် မြို့နယ်များမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊ တွဲဖက်အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

● စာမျက်နှာ ၉ မှ

ဝန်ကြီးချုပ်နှင့်အတူ စစ်ကိုင်းတိုင်း ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးနှင့် အဖွဲ့ဝင်များသည် ဇန်နဝါရီ ၂၆ ရက် ညပိုင်းတွင် မုံရွာမြို့ရှိ စစ်ကိုင်းတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ စစ်ကိုင်းတိုင်း မုံရွာခရိုင်၊ ရွှေဘိုခရိုင်၊ စစ်ကိုင်းခရိုင်နှင့် မြို့နယ်များမှ တိုင်း၊ ခရိုင်၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊ တွဲဖက်အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များအား တွေ့ဆုံသည်။

ယင်းသို့ တွေ့ဆုံရာတွင် တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဒေါက်တာဝင်းမြင့်အောင်နှင့် ခရိုင်အသင်း အတွင်းရေးမှူးများက အသင်းများ၏ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြရာ အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် အတွင်းရေးမှူး ဦးသိန်းဇော်နှင့် ဗဟိုအလုပ်အမှုဆောင်များ ဖြစ်ကြသည့် သူရဦးအေးမြင့်နှင့် ဦးအောင်မင်းတို့က အမှာစကားပြောကြားကြသည်။ အလားတူ အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဇန်နဝါရီ ၂၆ ရက် ညနေပိုင်းတွင် စစ်ကိုင်းတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့ သွားရောက်ပြီး စစ်ကိုင်းတိုင်း၏ ဖွံ့ဖြိုး တိုးတက်မှု မှတ်တမ်းဓာတ်ပုံများ၊ နံရံကပ်စာစောင် ပြသထားမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် တိုင်း၊ ခရိုင်၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများမှ ဝန်ထမ်းများ၊ တိုင်းရုပ်ရှင်လုပ်ငန်းစုရုံးမှ ဝန်ထမ်းများအား တွေ့ဆုံ၍ လိုအပ်သည်များကို မှာကြားသည်။

တွေ့ဆုံမှာကြား

ထို့အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးသည် ဇန်နဝါရီ ၂၆ ရက်တွင် ဟုမ္မလင်းမြို့သို့ ရောက်ရှိစဉ် မြို့နယ်ပြည်သူ့ဆေးရုံကို သွားရောက်ကြည့်ရှု စစ်ဆေးပြီး ဝန်ထမ်းများအား တွေ့ဆုံမှာကြားသည်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း စစ်ကိုင်းတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွင် မှတ်တမ်းဓာတ်ပုံများ၊ နံရံကပ်စာစောင် ပြသထားမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ဂေါက်သီးရိုက် ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၉

ရန်ကုန်မြို့ရောက် ပုသိမ်မိသားစုဝင်များ၏ မိတ်ဆုံဂေါက်သီးရိုက်ပြိုင်ပွဲ ဆုပေးပွဲနှင့် မိတ်ဆုံစားပွဲကို ဖေဖော်ဝါရီ ၈ ရက် (ကြာသပတေးနေ့) နံနက် ၈နာရီတွင် ပန်းလှိုင်ဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲဝင်လိုသူ မိသားစုဝင်များအနေဖြင့် ဦးနိုဝယ်လင်း ဖုန်း-၀၉၅၀၀၃၇၀၉၊ ဦးစိုင်းကျော်ကျော် ဖုန်း-၀၉၅၁၅၉၅၅၊ ဦးကျော်ကျော်ဝင်း ဖုန်း-၀၉၅၀၀၆၁၂၈ ထံသို့ ဆက်သွယ်စာရင်း ပေးသွင်းနိုင်ကြောင်းသိရသည်။ (က-ပ)

မေ့ဆေးပညာ ဉာဏ်သစ်လောင်းသင်တန်း

ရန်ကုန် ဇန်နဝါရီ ၂၉

မြန်မာနိုင်ငံ မေ့ဆေးဆရာဝန်များအဖွဲ့ (မြန်မာနိုင်ငံ ဆရာဝန်အသင်း) သည် World Federation of Societies of Anaesthesiologist Bangkok Anaesthesia Regional Training Centre (WFSA-BARTC) မှ ဆရာဝန်ကြီးများနှင့် ပူးပေါင်း၍ ဖေဖော်ဝါရီ ၁ ရက် နံနက် ၈ နာရီခွဲမှ စပြီး ရန်ကုန်မြို့ Parkroyal ဟိုတယ် Grand Ballroom (၁)နှင့် (၂)တွင် ဉာဏ်သစ်လောင်းသင်တန်း ဖွင့်လှစ်ပို့ချပေးမည်ဖြစ်ရာ အဖွဲ့ဝင် မေ့ဆေးဆရာဝန်များအားလုံး တက်ရောက်နိုင်ကြောင်းသိရသည်။ (မြန်မာနိုင်ငံဆရာဝန်အသင်း)

ကျောက်ကြီးမြို့နယ်အတွင်း သောင်းကျန်းသူအဖျက်သမားများ ထောင်ထားသည့် မိုင်းတစ်လုံး နင်းမိ ပေါက်ကွဲ၍ အပြစ်မဲ့ ပြည်သူတစ်ဦး ခြေထောက်ပြတ် ဒဏ်ရာရရှိ

နေပြည်တော် ဇန်နဝါရီ ၂၉

အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားများသည် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို နှောင့်ယှက်ဖျက်ဆီးပြီး အပြစ်မဲ့ပြည်သူများအား သေကျေ၊ ဒဏ်ရာရ၊ အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် အဖျက်အမှောင့်လုပ်ရပ်များကို နည်းမျိုးစုံအသုံးပြု ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂၅ ရက် ညနေ ၃ နာရီတွင် ပဲခူးတိုင်း ကျောက်ကြီးမြို့နယ် မြောက်ဦးကျေးရွာမှ ဦးကျော်လွင် အသက်(၃၅)နှစ်သည် မုန်းချောင်းအတွင်း ငါးဖမ်းပြီးအပြန် တောတွင်းတစ်နေရာ၌ သောင်းကျန်းသူအဖျက်သမားများ ထောင်ထားသည့် မိုင်းတစ်လုံး နင်းမိပေါက်ကွဲပြီး ဦးကျော်လွင်၏ ဘယ်ဘက်ခြေထောက် ခြေကျင်းဝတ်မှပြတ်၍ ဒဏ်ရာရရှိခဲ့သည်။

မိုင်းထိလူနာအား တာဝန်ရှိသူများက မုန်းတိုက်နယ်ဆေးရုံသို့ ပို့ဆောင်၍ ဆေးဝါးကုသမှုနှင့် လိုအပ်သော ပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် သောင်းကျန်းသူအဖျက်သမားများအား တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက သတင်းဖော်ထုတ်ရှင်းလင်းလျက်ရှိကြောင်း သတင်းရရှိသည် (သတင်းစဉ်)

ရှောင်လေ
ဝေးဝေး
မူးယစ်ဆေး

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃၀-၁-၂၀၀၇ (အင်္ဂါနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	အနှိုင်းမဲ့ မီးတရားတော် (အရှင်ဆန္ဒာဓိက) (အပိုင်း-၂)
၈း၀၅	မြန်မာ့အလှမြင်ကွင်းများ
၈း၂၅	Music Gallery (တင်ဇာမော်ရဲ့တင်ဇာမော်)
၈း၅၀	ပြည်တွင်းသတင်းအကျဉ်း
၉း၀၀	တေးဂီတအစီအစဉ်
၉း၀၅	နို့ထွက်ပစ္စည်းထုတ်ကုန် မြင့်မားဖို့ ကြိုးစားကြပါစို့
၉း၂၀	တေးဂီတအစီအစဉ်
၉း၂၅	Sunday Talk
၁၀း၂၅	တေးဂီတအစီအစဉ်
၁၀း၃၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၃၅	"အင်း"ငွေပန်းထိမ်ရဲ့ အငွေ့အသက်
၁၀း၅၅	မိုးလေဝသခန့်မှန်းချက်
၁၁း၀၀	အမျိုးသမီးရုပ်သေးကြိုးဆွဲ ပညာရှင်နှင့်တွေ့ဆုံခြင်း
၁၁း၃၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၄၀	တေးဂီတအစီအစဉ်
၁၁း၄၅	အသည်းခြောက်ရောဂါနှင့် စိတ်ပိုင်းဆိုင်ရာပြဿနာ
၁၂း၀၅	တေးဂီတအစီအစဉ်
၁၂း၁၀	နိုင်ငံတကာသတင်းအကျဉ်း
၁၂း၁၅	Fashion Fever-1 (ဒီဇိုင်နာခင်စန်းဝင်း၏ မြန်မာသတို့သမီးဝတ်စုံ ဖက်ရှင်)
၁၂း၄၅	တေးဂီတအစီအစဉ်
၁၂း၅၀	ယူးချောင်းတံတား
၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီအထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂း၀၀	West Ham-Liverpool	5-Sports(Live)
၂း၂၄	Reading - Wigan	5-Series(Live)

ကမာရွတ်မြို့နယ် ၂၀၀၆-၂၀၀၇ ပညာသင်နှစ် မြို့နယ်ဘက်စုံပညာထူးချွန်ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၂၁ ရက်က အထက(၂) ကမာရွတ် တေဇခန်းမတွင် ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးမောင်ချစ်က အမက(၆) တတိယတန်းမှ သချာ်(ဒုတိယ)ဆုရ မောင်မင်းဆွေသန့်အား ဆုချီးမြှင့်စဉ်။ (ပညာရေး)

ပြည်ထောင်စုဒိုင်းကြီး ရှမ်းပြည်နယ် (တောင်ပိုင်း)အသင်း မကွေးတိုင်းအသင်းကို ခြေစွမ်းပြအနိုင်ယူဗိုလ်စွဲ

ရန်ကုန် ဇန်နဝါရီ ၂၉

၂၀၀၇ ခုနှစ် (၅၂)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဒိုင်း အမျိုးသား(အလွတ်တန်း) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် ရှမ်းပြည်နယ် (တောင်ပိုင်း)အသင်းနှင့် မကွေးတိုင်းအသင်းတို့သည် ယနေ့ညနေ ၃ နာရီက လှူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ ယှဉ်ပြိုင်ကစားကြရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက်ကြည့်ရှုအားပေးပြီး အနိုင်ရဗိုလ်စွဲသွားသော ရှမ်းပြည်နယ် (တောင်ပိုင်း)အသင်းအား ပြည်ထောင်စုတံခွန်စိုက်ဒိုင်း၊ ဆင့်ပွားဒိုင်းနှင့် ဆုကြေးငွေများ ပေးအပ်ချီးမြှင့်သည်။

ရှမ်းပြည်နယ်(တောင်ပိုင်း)
အသင်း– လေးဂိုး
(စိုင်းကျော်သူရအောင်–သုံးဂိုး၊
ထွန်းဝင်း–တစ်ဂိုး)
မကွေးတိုင်းအသင်း– နှစ်ဂိုး
(အောင်ဝင်း)
အကောင်းဆုံးဆု–
စိုင်းကျော်သူရအောင်(ရှမ်း/တောင်)
ဒိုင်လူကြီး– ဦးလှတင့်

ပြိုင်ပွဲတစ်လျှောက် ရှုံးပွဲမရှိဘဲ ဗိုလ်လုပွဲသို့ တက်ရောက်လာသည့် ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်းမှာ ယနေ့ပွဲတွင် မကွေးတိုင်းကို ခြေစွမ်းပြအနိုင်ယူပြီး ပြည်ထောင်စုဒိုင်းကြီးကို ဆွတ်ခူးရရှိသွားသည်။ ရှမ်းပြည်နယ် (တောင်ပိုင်း) အသင်းသည် ၂၀၀၃ ခုနှစ် (၄၈)ကြိမ်မြောက်တွင် အနိုင်ရဗိုလ်စွဲပြီးနောက်ပိုင်း လေးနှစ်အကြာမှ ပြည်ထောင်စုဒိုင်းကြီးကို တစ်ကျော့ပြန်ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သည်။

ယနေ့ကျင်းပသော ဗိုလ်လုပွဲသို့ နှစ်ဖက်အသင်းမှ ဒေသခံပရိသတ်များမှာ ကားကြီး၊ကားငယ်အသွယ်သွယ်ဖြင့် လာရောက်အားပေးကြရာ အထူးတန်းပွဲကြည့်စင်တွင် ပရိသတ်များစည်ကားခဲ့သည်။ ပြိုင်ပွဲတွင် ရှမ်းပြည်နယ် (တောင်ပိုင်း)အသင်းက မကွေးတိုင်းကို အနိုင်ယူသွားရာ ရှမ်းအိုးစည်သံများ ညံသွားသည်။

မကွေးဂိုးစတင်သွင်း

သုံးနှစ်ဆက်တိုက် ဗိုလ်လုပွဲသို့ တက်ရောက်လာသော ရှမ်းပြည်နယ် (တောင်ပိုင်း)အသင်းမှာ ပြီးခဲ့သည့်နှစ်ကြိမ်က ဒုတိယဆုဖြင့် ကျေနပ်ခဲ့ရသောကြောင့် ယခုအကြိမ်တွင် အနိုင်ရဗိုလ်စွဲရန် ကြိုးစားခဲ့သော်လည်း မကွေးတိုင်းက ပွဲအစမှာပင် ဂိုးစတင်သွင်းခဲ့ရ၍ အခက်တွေ့ခဲ့ရသည်။ ပွဲအစနှစ်မိနစ်တွင် အောင်ဝင်းက ပြစ်ဒဏ်ဘောမှတစ်ဆင့် မကွေးတိုင်းအတွက် ဂိုးစတင်သွင်းယူသည်။ ရှမ်းပြည်နယ် (တောင်ပိုင်း)အသင်းမှာ ဂိုးပေးလိုက်ရ၍ ကစားအား မြှင့်တင်လာသော်လည်း လောကြီးနေ၍ မိနစ် ၂၀ ကျော်မှ ချေပဂိုးပြန်သွင်းနိုင်ခဲ့သည်။ ၂၆ မိနစ်တွင် စိုင်းကျော်သူရအောင်က ရှမ်းပြည်နယ်(တောင်ပိုင်း)အတွက် ချေပဂိုး ပြန်သွင်းယူခဲ့သည်။

အဆိုပါ ချေပဂိုးသည်ပွဲ၏ အဖြေကို ပြောင်းလဲသွားစေပြီး စိတ်ဓာတ်တက်လာသော ရှမ်းပြည်နယ် (တောင်ပိုင်း)က နှစ်ဂိုးထပ်မံသွင်းယူသွားသည်။ ရှမ်းပြည်နယ်(တောင်ပိုင်း) အတွက် ဂိုးများကို စိုင်းကျော်သူရအောင်နှင့် ထွန်းဝင်းတို့က သွင်းယူခဲ့ကြသဖြင့် ပထမပိုင်းအပြီးတွင် သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရနေသည်။

ဒုတိယပိုင်းတွင် မကွေးက အရှုံးကို ချေပနိုင်ရန် တိုက်စစ်အားမြှင့်တင်လာသော်လည်း ရှမ်းပြည်နယ်(တောင်ပိုင်း)

"ပြည်ထောင်စုဒိုင်းကြီးကို အရယူပြီး ပြည်နယ်ဂုဏ်ဆောင်နိုင်ခဲ့၍ ဝမ်းသာ" ရှမ်းပြည်နယ်(တောင်ပိုင်း) အသင်း အုပ်ချုပ်သူ ဦးမောင်မောင်လောက်။ ဓာတ်ပုံ–စိုးညွှန့်(ကြေးမုံ)

အသင်းက ကွင်းလယ်ကစပြီး ဖျက်ထုတ်နေသောကြောင့် မကွေး အခွင့်မသာ ဖြစ်နေသည်။ ၃၄ မိနစ်တွင် အောင်ဝင်းက မကွေးအတွက် ဒုတိယ ချေပဂိုးသွင်းယူသော်လည်း ရှမ်းပြည်နယ် (တောင်ပိုင်း)အသင်းက မိနစ် ၄၀ တွင် စိုင်းကျော်သူရအောင်က တစ်ဂိုး ထပ်မံသွင်းယူပေးခဲ့သဖြင့် ပွဲအပြီးတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) အသင်းက လေးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အမှုဆောင် ဦးတင်အောင် (ဂိုး)က ဗိုလ်လုပွဲ အကောင်းဆုံးဆုရ စိုင်းကျော်သူရအောင် ရှမ်းပြည်နယ်(တောင်ပိုင်း)အား ဆုကြေး ငွေကျပ် တစ်သောင်း ပေးအပ်ချီးမြှင့်သည်။

ပေးအပ်ချီးမြှင့်

ထို့နောက် အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနော်တောင်က တတိယဆုရ စစ်ကိုင်းတိုင်းအသင်းအားလည်းကောင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်က ဒုတိယဆုရ မကွေးတိုင်းအသင်းအားလည်းကောင်း တစ်ဦးချင်းဆုတံဆိပ်များ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ပွဲစဉ်တစ်လျှောက် နေရာအလိုက် အကောင်းဆုံးဆုများရရှိကြသော ဂိုးသမားဆုရ အောင်မျိုးဟန် (ရှမ်း/တောင်)၊ နောက်တန်းဆုရ ထွန်းထွန်းနိုင် (မကွေး)၊ အလယ်တန်းဆုရ ထွန်းထွန်းနိုင် (စစ်ကိုင်း)၊ ရှေ့တန်းဆုရ နန်းဝေအောင်(ရန်ကုန်)နှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံး ဘောလုံးသမားဆုရ ထွန်းထွန်းနိုင် (စစ်ကိုင်း)တို့အား ဆုတံဆိပ်နှင့် ငွေသားကျပ်ငါးသောင်းစီချီးမြှင့်သည်။ ယင်းနောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့်ကာယပညာဦးစီး

"အသင်းမှာ စိတ်ဓာတ်စုစည်းမှု၊ ကြံ့ခိုင်မှုတို့ဖြင့် ပေါင်းစပ်ကစားနိုင်ခဲ့၍ ဗိုလ်စွဲခြင်းဖြစ်" ရှမ်းပြည်နယ် (တောင်ပိုင်း)အသင်းအဖွဲ့ခေါင်းဆောင် ဦးစိုးနိုင်။ ဓာတ်ပုံ–စိုးညွှန့်(ကြေးမုံ)

ဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ပထမဆုရ ရှမ်းပြည်နယ် (တောင်ပိုင်း)အသင်းအား တစ်ဦးချင်း ဆုတံဆိပ်များ ချီးမြှင့်သည်။

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အသန့်ရှင်းဆုံးအသင်းဆုရ စစ်ကိုင်းတိုင်းအား ဆုဖလားနှင့် ကျပ်သုံးသိန်းကိုလည်းကောင်း၊ တတိယဆုရ စစ်ကိုင်းတိုင်းအား ဆုကြေးငွေကျပ် ၁၀သိန်းနှင့် ဒုတိယဆုရ မကွေးတိုင်းအား ဆုကြေးငွေကျပ် ၁၅သိန်းကို လည်းကောင်း၊ ပထမဆုရ ရှမ်းပြည်နယ် (တောင်ပိုင်း) အသင်းအား ပြည်ထောင်စုဒိုင်း၊ ဆင့်ပွားဒိုင်းနှင့် ငွေကျပ် ၂၅သိန်းကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

လုပ်ဆောင်သွားမည်

အနိုင်ရဗိုလ်စွဲသွားသော ရှမ်းပြည်နယ်(တောင်ပိုင်း) ဘောလုံးအသင်းအား ကြေးမုံက တွေ့ဆုံမေးမြန်းခဲ့ရာ အဖွဲ့ခေါင်းဆောင် ဦးစိုးနိုင် (ပြည်နယ်အားကစားမှူး)က "မိမိ အဖွဲ့ခေါင်းဆောင်အဖြစ် ဆောင်ရွက်သည့်အကြိမ်တွင် ဗိုလ်စွဲနိုင်ခဲ့၍ ဝမ်းသာပါကြောင်း၊ အသင်းမှာ စိတ်ဓာတ်၊ စုစည်းမှု၊ ကြံ့ခိုင်မှုတို့ဖြင့် ပေါင်းစပ်ကစားနိုင်ခဲ့၍ ဗိုလ်စွဲခဲ့ခြင်းဖြစ်ပါကြောင်း၊ ယခုလို ဗိုလ်စွဲသွား၍ ပြည်နယ်မှ တာဝန်ရှိပုဂ္ဂိုလ်များက ချီးမြှင့်ဂုဏ်ပြုကြမည်ဖြစ်ကြောင်း၊ ယခုရရှိခဲ့သော အောင်မြင်မှုကို နောင်နှစ်များတွင် ဆက်လက်ထိန်းသိမ်းနိုင်အောင် အကြီးတန်းပြိုင်ပွဲ၊ အလွတ်တန်းပြိုင်ပွဲနှင့် ခရိုင်ပြိုင်ပွဲများ ကျင်းပပြီး မျိုးဆက်သစ် ကစားသမားများနှင့် ကစားသမားကောင်းများ ပေါ်ထွက်လာအောင် လုပ်ဆောင်သွားမည် ဖြစ်ကြောင်း" ပြောကြားသွားသည်။

အသင်းအုပ်ချုပ်သူ ဦးမောင်မောင်လောက်က "ပြည်ထောင်စုဒိုင်းကြီးကို ရှမ်းပြည်နယ်သို့ သယ်ဆောင်နိုင်ခဲ့၍ အလွန်ဂုဏ်ယူပါကြောင်း၊ ကစားသမားများအားလုံး ကြိုးစားခဲ့၍သာ ပြိုင်ပွဲတစ်လျှောက် ရှုံးပွဲမရှိဘဲ ဗိုလ်စွဲခဲ့ခြင်း ဖြစ်ပါကြောင်း၊ ပြည်နယ်ကနေ ကားကြီးများနှင့်လာပြီး တစ်ခဲနက်အားပေးခဲ့သော ပရိသတ်ကြောင့်လည်း မိမိတို့အသင်း အားပိုတက်ခဲ့ကြောင်း၊ ပြည်ထောင်စုဒိုင်းကြီးကို အရယူပြီး ပြည်နယ်ဂုဏ်ကို ဆောင်နိုင်ခဲ့၍ ဝမ်းသာရပါကြောင်း" ပြောကြားသွားသည်။

ပွဲတိုင်းကြိုးစား

အသင်းနည်းပြချုပ် ဦးခင်မောင်သန်းက "မိမိတို့အသင်း ကစားပုံမှာ အကောင်းဆုံး မဟုတ်သော်လည်း စိတ်ဓာတ်နှင့် ကြိုးစားလိုစိတ် အပြည့်တို့ဖြင့် ကစားခဲ့၍သာ အနိုင်ရရှိခဲ့ခြင်းဖြစ်ကြောင်း၊ မကွေးတိုင်း ကစားပုံမှာ ဆီမီးဖိုင်နယ်ပွဲစဉ် လောက် မကောင်းကြောင်း၊ စိတ်လှုပ်ရှားနေပြီး ဂိုးစတင်သွင်းနိုင်သော်လည်း အနိုင်ကို မထိန်းနိုင်ခဲ့ကြောင်း၊ မိမိတို့အသင်းမှာ အုပ်စုပွဲအချို့တွင် ဂိုးစတင်ပေးရသည့် အနေ အထားများရှိခဲ့ကြောင်း၊ သို့သော် ဂိုးပြန်သွင်းနိုင်၍ ယနေ့ပွဲမှာ ဂိုးစပေးရသော်လည်း စိတ်မပူခဲ့ကြောင်း၊ အသင်း အောင်မြင်မှုရရှိခြင်းမှာ ပံ့ပိုးအားပေးမှုကောင်းခြင်းနှင့် နိုင်ချင်စိတ်အပြည့်ဖြင့် ပွဲတိုင်းကြိုးစားခဲ့၍ ဖြစ်ပါကြောင်း" ပြောကြားသွားသည်။

(ကြေးမုံ)

အနိုင်ရဗိုလ်စွဲသွားသည့် ရှမ်းပြည်နယ် (တောင်ပိုင်း)အသင်းအား ဆုယူအပြီး တွေ့ရစဉ်။
ဓာတ်ပုံ–စိုးညွှန့်(ကြေးမုံ)

ပြည်ထောင်စုဒိုင်းကြီး ချီးမြှင့်

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် အနိုင်ရဗိုလ်စွဲခဲ့သည့် ရှမ်းပြည်နယ် (တောင်ပိုင်း) အသင်းအား ပြည်ထောင်စုဒိုင်းကြီးကို ချီးမြှင့်ပေးအပ်စဉ်။
ဓာတ်ပုံ–စိုးညွှန့်(ကြေးမုံ)

ကျန်းမာရေးဝန်ကြီးဌာန ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်စမ်းစမ်းလှိုင်က ဇန်နဝါရီ ၁၁ ရက်တွင် ကျင်းပသည့် ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး စီမံရေးရာအစည်းအဝေးတွင် လူမှုထူးချွန် (ပထမဆင့်) ရရှိသူ အလုပ်သမားမှူး ဦးမြင့်စိုးအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (က–ပ)

ပုသိမ်တက္ကသိုလ် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ တွေ့ဆုံပွဲနှင့် ညစာစားပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၉

ဧရာဝတီတိုင်း ပုသိမ်မြို့ရှိ ပုသိမ်တက္ကသိုလ် ရွှေရတုအကြိုကာလ ကျောင်းအကျိုးတော်ဆောင်အဖွဲ့၏ တွေ့ဆုံပွဲကို ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၈ နာရီတွင် ပုသိမ်မြို့ ကန်သာယာခန်းမ၌ လည်းကောင်း၊ အကြိုညစာစားပွဲကို ဖေဖော်ဝါရီ ၁၀ ရက် ညနေ ၅ နာရီတွင် တက္ကသိုလ်ရှေ့ မြက်ခင်းပြင်၌ လည်းကောင်း ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့် ဆက်သွယ်စုံစမ်း စာရင်းပေးပို့လိုသူများသည် ဦးအောင်တင်မြင့် ဖုန်း–၀၄၂–၂၅၃၃၈၊ ၂၅၃၃၉ နှင့် ၀၉၅၂၀၀၁၂၆၊ ဦးမြင့်အောင် ဖုန်း–၀၄၂–၂၅၀၉၇ နှင့် ၀၉၅၂၀၂၂၅၄၊ ဦးဝင်းသိန်း ဖုန်း–၀၄၂–၂၁၃၀၅ တို့ထံ ဆက်သွယ်ကြပါရန် ဖိတ်ကြားထားကြောင်း သိရှိရသည်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
“လျှပ်စစ်ဓာတ်အားသုံးစွဲသူများသို့ အသိပေးချက်”

လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း (E.S.E)နှင့် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ (Y.E.S.B)တို့ထံမှ ဓာတ်အားဝယ်ယူသုံးစွဲလျက်ရှိသော ဓာတ်အားသုံးစွဲသူများ၏ မီတာများကို တာဝန်ကျ မီတာစာရေးများက လစဉ် အောက်ပါအတိုင်း ဆောင်ရွက်သွားပါမည်–

၁။ လ၏(၁)ရက်နေ့မှ (၅)ရက်နေ့အတွင်း တာဝန်ကျ မီတာစာရေးများမှ ပြီးခဲ့သောလ၏ သုံးစွဲယူနစ်အား လာရောက်ဖတ်ပါမည်။
၂။ လ၏(၆)ရက်နေ့မှ (၁၀)ရက်နေ့အတွင်း ဓာတ်အားခ ငွေတောင်းခံလွှာများ ပြုလုပ်ပါမည်။
၃။ လ၏(၁၁)ရက်နေ့မှ (၁၅)ရက်နေ့အတွင်း မီတာဖတ်စာရေးများမှ ကျသင့်ဓာတ်အားခ ငွေတောင်းခံလွှာများအား ထပ်မံလာရောက်ဝေပါမည်။
၄။ ဓာတ်အားသုံးစွဲသူများသည် ဓာတ်အားခ ငွေတောင်းခံလွှာများ စတင်ဝေသည့်ရက်မှစ၍ ငွေတောင်းခံလွှာတွင်ပါရှိသော နောက်ဆုံး ပေးဆောင်ရန် သတ်မှတ်ထားသည့် ရက်အတွင်း သက်ဆိုင်ရာမြို့နယ်များရှိ ငွေလက်ခံကောင်တာများတွင် အမြန်လာရောက် ပေးဆောင်ရပါမည်။
၅။ ဓာတ်အားခငွေတောင်းခံလွှာများ (၅)ကြိမ်ဝေမည့်ရက်အလိုက်နှင့် ငွေစတင်ပေးဆောင်ရမည့်ရက်၊ နောက်ဆုံးပေးဆောင်ရမည့်ရက်တို့မှာ အောက်ပါအတိုင်းဖြစ်သည်–

စဉ်	ဓာတ်အားခငွေ တောင်းခံလွှာများ ဝေမည့် ရက်	တောင်းခံလွှာ ဝေမည့် ရာခိုင်နှုန်း	ငွေပေးဆောင်ရမည့်ကာလ		ငွေသွင်းခွင့်ရ ရက်ပေါင်း
			စတင်ပေးဆောင် ရမည့်ရက် (မှ)	နောက်ဆုံးပေး ဆောင်ရမည့်ရက် (ထိ)	
၁။	၁၁–ရက်	၁၆ရာခိုင်နှုန်း	၁၁–ရက်	၁၇–ရက်	၇–ရက်
၂။	၁၂–ရက်	၁၈ရာခိုင်နှုန်း	၁၂–ရက်	၁၉–ရက်	၈–ရက်
၃။	၁၃–ရက်	၂၀ရာခိုင်နှုန်း	၁၃–ရက်	၂၁–ရက်	၉–ရက်
၄။	၁၄–ရက်	၂၂ရာခိုင်နှုန်း	၁၄–ရက်	၂၃–ရက်	၁၀–ရက်
၅။	၁၅–ရက်	၂၄ရာခိုင်နှုန်း	၁၅–ရက်	၂၅–ရက်	၁၁–ရက်

၆။ ငွေသွင်းရန်သတ်မှတ်ထားသည့် (၁၁)ရက်မှ (၂၅)ရက်အတွင်း ငွေလက်ခံကောင်တာများကို နေ့စဉ် နံနက် ၈နာရီမှ ညနေ ၄နာရီအတွင်း ဖွင့်ထားမည်ဖြစ်ပြီး ငွေသွင်းရန်ပျက်ကွက်သူများသည် ဓာတ်အားပြတ်တောက်မှုခံရပါမည်။
၇။ သို့ဖြစ်ပါ၍ ဓာတ်အားသုံးစွဲသူများသည် ရုံးပိတ်ရက်များအပါအဝင် လ၏(၁)ရက်နေ့မှ (၅)ရက်နေ့အတွင်း မီတာများ အလွယ်တကူဖတ်ရှုနိုင်ရေး၊လ၏(၁၁)ရက် နေ့မှ (၁၅)ရက်နေ့အတွင်း ငွေတောင်းခံလွှာများ လာရောက်ပေးဝေမှုကို လက်ခံရယူနိုင်ရေး ဝိုင်းဝန်းကူညီကြပါရန်နှင့် ကျသင့်သော ဓာတ်အားခငွေများအား သတ်မှတ်ရက်အတွင်း အချိန်မီ ပေးသွင်းကြပါရန် အသိပေးအပ်ပါသည်။
၈။ အထက်ပါ ဆောင်ရွက်ချက်များကို ဖော်ပြပါ အစီအစဉ်အတိုင်း လစဉ်ဆောင်ရွက်သွားပါမည်။

လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းနှင့် ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာတိုက်သစ်အတွင်း တည်ဆောက်ဆဲ ရွှေရတုစိန်တိုး ကျောင်းဆောင်တော်ကြီးအတွက် ရဟန်းဒါယကာကြီးဦးတင်မြင့်ဦး–ရဟန်းမယ်တော်ကြီး ဒေါ်စောကြည်၊ သား–ဖြိုးဇော်ဟိန်း၊ ဖြိုးညီညီဟိန်း (ကြည်ကြည်သစ်စက်)မိသားစုတို့ကအလှူငွေကျပ် ၁၀သိန်းကို ကျောင်းဆောင်ဖြစ်မြောက်ရေး အဖွဲ့ဝင် ဗိုလ်မှူးကြီးဘုန်းမြင့်(ငြိမ်း) ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ဂုဏ်ပြုမှတ်တမ်းလွှာချီးမြှင့်

မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် တည်ဆောက်မည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင် မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းတော်ကြီး ဆောက်လုပ်ရန်အတွက် လှိုင်မြို့နယ် (၂)ရပ်ကွက် ဘုရင့်နောင်လမ်းမနေ နှစ်ဖက်သောမိဘများအား အမှူးထား၍ ဦးလှမြင့်–ဒေါ်ခင်ဝင်းသန်း၊ သမီး ခင်ဝါဝါမြင့်၊ သား ဗိုလ်ဝင်းဘုန်းမြင့် မိသားစုက အလှူငွေကျပ်သုံးသိန်း လှူဒါန်းရာ ကျောင်းအကျိုးဆောင် မဟာသိမ်တော်ကြီး စာချ နာယကဆရာတော် အရှင်ဂန္ဓသာရက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ချီးမြှင့်တော်မူစဉ်။ (က–ပ)

စက်မှု(၁)ဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော် ရက်တိုးမြှင့်

ရန်ကုန် ဇန်နဝါရီ ၂၉

အမှတ်(၁)စက်မှုဝန်ကြီးဌာနက ဧရာဝတီတိုင်း မြောင်းမြမြို့ မြို့မအားကစားကွင်း၌ ကျင်းပသော ဈေးပွဲတော်ကို ဖေဖော်ဝါရီ ၃ ရက်အထိ လည်းကောင်း၊ ကရင်ပြည်နယ် ဘားအံမြို့ အမှတ်(၅)ရပ်ကွက်ရှိ အောင်သံလွင်အားကစားကွင်း၌ ကျင်းပသော ဈေးပွဲတော်ကို ဖေဖော်ဝါရီ ၄ရက်အထိ လည်းကောင်း၊ ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် ပန်းဥယျာဉ်နှင့် အားကစားကွင်း၌ ကျင်းပသော ဈေးပွဲတော်ကို ဖေဖော်ဝါရီ ၆ရက်အထိလည်းကောင်း ရက်တိုးမြှင့် ရောင်းချသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဆက်ကပ်လှူဒါန်း

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့ မြေနှစ်ဧကဝယ်ယူရန်အတွက် ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် ရွှေပုန်းညက်ရိပ်မွန် ရွှေဇလပ်လမ်းနေ ဦးကျော်ဇေယျ–ဒေါ်မီမီထွန်း(သား)မောင်ဉာဏ်ဟိန်းထွန်း မိသားစုက အလှူတော်ငွေကျပ် ၁၀၀၀၀၀ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း၊ ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်ဝီရိယ(နန်းမား)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)

အင်တာနက်အားကစားသတင်းများ

ဇန်နဝါရီ ၂၉ ရက်က ကျင်းပသည့် အာရှဆောင်း ရာ သီ အားကစားပြိုင်ပွဲ၏ဘိုင်ရာသလွန် (ခ ရီး ကြမ်း စ ကိတ် စီး နှင့် ရိုင်ဖယ်သေနတ်ပစ်) ပြိုင်ပွဲ တွင် တရုတ်အားကစားသမား ကောင်ယင်ကောင်အားတွေ့ရစဉ်။ (အင်တာနက်)

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အင်္ဂလန်တွင် ကျင်းပရေး ဘက်ကင်ဘောင်ဝါထောက်ခံ

မြူးနစ် ဇန်နဝါရီ ၂၉

၂၀၁၈ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို အိမ်ရှင်အဖြစ် အင်္ဂလန်က လက်ခံကျင်းပသင့်ကြောင်း ဂျာမန်လူမျိုး သမ္ဘာရင့်ဘောလုံးသမားကြီး ဖရန့်ဇ်ဘက်ကင်ဘောင်ဝါ**(အောက်ပုံ)**က ယနေ့ပြောကြားသည်။

ဘက်ကင်ဘောင်ဝါ သည် ၂၀၀၆ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို ဂျာမနီနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိရေးအတွက် လှုံ့ဆော်ပေးနိုင်ခဲ့သူဖြစ်သည်။ ၎င်းသည် ဂျာမနီနိုင်ငံတွင် ကျင်းပခဲ့သည့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအတွက် ကျင်းပရေးကော်မတီဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

အသက်(၆၁)နှစ်အရွယ်ရှိဘက်ကင်ဘောင်ဝါသည် မကြာသေးမီက ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ) အလုပ်အမှုဆောင်ကော်မတီတွင် ဥရောပဘောလုံးအဖွဲ့ချုပ် (ယူအီးအက်ဖ်အေ) ကိုယ်စားလှယ်အဖြစ် ရွေးချယ်တင်မြှောက်ခံခဲ့ရသည်။

၂၀၁၀ပြည့်နှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကိုတောင်အာဖရိကနိုင်ငံတွင်လည်းကောင်း၊ ၂၀၁၄ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို တောင်အမေရိကတိုက်တွင်လည်းကောင်း ကျင်းပရန် လျာထားကြောင်း၊ ဖီဖာ၏အလှည့်ကျစနစ်အရ ၂၀၁၈ခုနှစ်တွင် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို ဥရောပတွင် ကျင်းပရန်ဖြစ်ကြောင်း၊ ဥရောပနိုင်ငံများအနက် အင်္ဂလန်သည် အားကစားဆိုင်ရာအခြေခံအဆောက်အအုံ အပြည့်စုံဆုံးဖြစ်သဖြင့် အိမ်ရှင်ဖြစ်သင့်ကြောင်း ဘက်ကင်ဘောင်ဝါက ပြောကြားသည်။ ***အင်တာနက်။***

ပရီမီယာလိဂ်ပြိုင်ပွဲ အမှတ်ရရှိမှုအခြေအနေ

လန်ဒန် ဇန်နဝါရီ ၂၉

အင်္ဂလိပ် ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲဝင် အသင်းများအနက် ထိပ်တန်းအသင်း ငါးသင်း၏ ဇန်နဝါရီ ၂၉ ရက် အခြေပြ အမှတ်ရရှိမှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်သည်။

အဆင့်	အသင်း	ရမှတ်
၁	မန်ချက်စတာယူနိုက်တက်	၅၇
၂	ချယ်လ်ဆီး	၅၁
၃	လီဗာပူး	၄၆
၄	အာဆင်နယ်	၄၅
၅	ဘော်လ်တန်	၄၀

အင်တာနက်။

အာရှဆောင်းရာသီ အားကစားပြိုင်ပွဲ တရုတ်နိုင်ငံ ချန်ချွန်းမြို့တွင် ဖွင့်လှစ်

ချန်ချွန်း ဇန်နဝါရီ ၂၉

အာရှဆောင်းရာသီအားကစားပြိုင်ပွဲကို တရုတ်နိုင်ငံ ချန်ချွန်းမြို့တွင် ဇန်နဝါရီ ၂၈ရက်က ဖွင့်လှစ်လိုက်သည်။

ချန်ချွန်းမြို့ရှိ ဝူဟာန်အားကစားပြိုင်ပွဲရုံတွင်ကျင်းပသည့် ဖွင့်ပွဲအခမ်းအနား၌ ဆဋ္ဌမအကြိမ် အာရှဆောင်းရာသီအားကစားပြိုင်ပွဲကို တရားဝင် ဖွင့်လှစ်လိုက်ကြောင်း တရုတ်သမ္မတ ဟူကျင်တောင်က ထုတ်ပြန်ကြေညာသည်။

အာရှမြောက်ပိုင်းမှသည် အရှေ့အလယ်ပိုင်းဒေသအထိဖြစ်သော ကမ္ဘာ့နိုင်ငံပေါင်း ၂၆နိုင်ငံမှ အားကစားသမားနှင့် အုပ်ချုပ်သူ ၁၁၀၀ကျော် ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်ခဲ့ကြသည်။ အာရှဆောင်းရာသီအားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သည့် အားကစားသမားဦးရေမှာ စံချိန်တင်အရေအတွက်ဖြစ်သည်။

ဇန်နဝါရီ ၂၈ရက်မှ ဖေဖော်ဝါရီ ၄ရက်အထိ ကျင်းပမည့် ဆောင်းရာသီ အားကစားပြိုင်ပွဲတွင် အားကစားနည်း ၄၇မျိုး သတ်မှတ်ထားသည်။ တရုတ်နိုင်ငံမြို့တော်ပေကျင်းတွင် ၂၀၀၈ခုနှစ် နွေရာသီအိုလံပစ်အားကစားပွဲတော် မကျင်းပမီတွင် နောက်ဆုံးကျင်းပသည့် နိုင်ငံတကာအားကစားပြိုင်ပွဲတစ်ရပ်လည်း ဖြစ်သည်။

အာရှဆောင်းရာသီအားကစားပြိုင်ပွဲ၏ လက်ရှိချန်ပီယံမှာ ဂျပန်နိုင်ငံဖြစ်သည်။ လွန်ခဲ့သည့်လေးနှစ်က ဂျပန်နိုင်ငံအမိုရီမြို့တွင်ကျင်းပသည့် အာရှဆောင်းရာသီ အားကစားပြိုင်ပွဲတွင် အိမ်ရှင်အသင်းက ရွှေတံဆိပ်၂၄ခုအထိအများဆုံးရရှိခဲ့သည်။ သို့ရာတွင်ယခုဆဋ္ဌမအကြိမ် ဆောင်းရာသီအားကစားပြိုင်ပွဲ၌ အိမ်ရှင်တရုတ်အသင်းက ဆုတံဆိပ်အများဆုံး ဆွတ်ခူးရရှိမည်ဟု မျှော်လင့်သည်။

အင်တာနက်။

ဇန်နဝါရီ ၂၈ရက်က အက်ဖ်အေဖလား စတုတ္ထအဆင့်ပြိုင်ပွဲတွင် ချယ်လ်ဆီးအသင်းမှ ဂျွန်အိုဘီမီကဲလ်နှင့် နော့တင်ဟမ်ဖောရက်စ်အသင်းမှ ဂါရီဟော့တို့ကို တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

အက်ဖ်အေဖလား ပဉ္စမအဆင့်သို့ ချယ်လ်ဆီးအသင်း တက်ရောက်

လန်ဒန် ဇန်နဝါရီ ၂၉

ချယ်လ်ဆီးအသင်းသည် တနင်္ဂနွေနေ့က တတိယတန်းပြိုင်ပွဲဝင် နော့တင်ဟမ်ဖောရက်စ်အသင်းကို သုံးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိပြီး အက်ဖ်အေဖလား ပဉ္စမအဆင့်သို့ တက်ရောက်သွားပြီဖြစ်သည်။

ပွဲချိန် ၉ မိနစ်တွင် ပရီမီယာလိဂ်ချန်ပီယံ ချယ်လ်ဆီးအသင်းမှ ယူကရိန်းလူမျိုး တိုက်စစ်မှူး အင်ဒရေရှက်ချင်ကိုက အဖွင့်ဂိုးသွင်းပေးခဲ့သည်။

ချယ်လ်ဆီးအသင်းမှ အိုင်ဗရီကို့စ် တိုက်စစ်မှူး ဒီဒီယာဒရော့ဘာနှင့် နိုင်ဂျီးရီးယားလူမျိုး ကွင်းလယ်ကစားသမား ဂျွန်အိုဘီမီကဲလ်တို့က ပထမပိုင်းမပြီးဆုံးမီမှာပင် အသီးသီး ဂိုးသွင်းခဲ့ကြသည်။ ***အင်တာနက်။***

နတ်ဘုန်းရှိန်စေတီ ရွှေထီးတော်တင်လှူမည်

ရန်ကုန် ဇန်နဝါရီ ၂၉

ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ ဗျိုင်းရေအိုးစင်လမ်း အတွင်းရှိ ဗျိုင်းရွာမ ရပ်ကွက်လုံးဆိုင်ရာ နတ်ဘုန်းရှိန် စေတီတော်မြတ်ကြီးအား ရွှေထီးတော်နှင့် စိန်ဖူးတော်အသစ် တင်လှူပူဇော်ပွဲကို ၁၃၆၈ခုနှစ် တပို့တွဲလပြည့်ကျော် ၂ရက် ဖေဖော်ဝါရီ ၃ရက် (စနေနေ့)တွင် ဂေါပကအဖွဲ့မှကြီးမှူး၍ တင်လှူပူဇော်မည်ဖြစ်သည်။

ပါဝင်လှူဒါန်း လိုပါလျှင် ဥက္ကဋ္ဌ ဦးမောင်မောင်(နာယက) ဖုန်း–၅၅၇၃၃၅၊ ၀၉၅၀၈၉၅၄၊ ဦးမြအုန်း(ဥက္ကဋ္ဌ) ဖုန်း–၀၉၉၉ ၂၀၃၃၈၊ ဦးဘူမောင် (ဒုတိယဥက္ကဋ္ဌ) ဖုန်း – ၀၉၅၁၁၈၀၀၇၊ ဦးခင်မောင်အုန်း (အတွင်းရေးမှူး) ဖုန်း–၅၄၉၄၈၇တို့သို့ ဆက်သွယ်လှူဒါန်း နိုင်ကြောင်းသိရသည်။

(က–ပ)

တွေ့ရှိသူအား ကျေးဇူးဆပ်ပါမည်

ကျွန်တော် ကျော်ဇေယျ၏ မှတ်ပုံတင်အမှတ် [၁၂/ဗတထ (နိုင်) ၀၃၃၅၈၉] နိုင်ငံသားစိစစ်ရေးကတ်ပြား ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိ၍ ပြန်လာပေးသူအား ကျေးဇူးဆပ်ပါမည်။

ဆက်သွယ်ရန်–
ဖုန်း ၃၈၇၆၇၁၊ ၀၉ ၅၁၇၇၉၇၃

ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ
ဗိုလ်မှူးကြီးသာဝင်း(ငြိမ်း)–ဒေါ်မြမြယဉ်
တို့၏သား

ဒေါက်တာလှမော်ဝင်း

M.B.,B.S, M.Med.Sc (Rehab Med), TCM(China)

နှင့်

ရန်ကုန်မြို့နေ
(ဦးမောင်မောင်ညွန့်)–ဒေါ်ခင်ဆွေယု(အုပ်ချုပ်မှုဒါရိုက်တာ)
[S.T.A.G (Myanmar) Co., Ltd.နှင့် E.L.P.L Co.,Ltd.]
တို့၏သမီး

မကြည်ဖြူညွန့်

B.Sc.(Q), M.Sc, M.Res,(Environmental Studies), Dip in English

တို့၏ ၂၇–၁–၂၀၀၇ ရက်တွင် အမှတ်(၃၃)(A)၊ မလိခလမ်း၊ မရမ်းကုန်းမြို့နယ်နေအိမ်၌ နှစ်ဖက်မိဘတို့၏ သဘောတူညီချက်အရ လူကြီးစုံရာရှေ့မှောက်တွင် လက်မှတ်ရေးထိုး လက်ထပ်ပြီးစီးပါကြောင်းနှင့် မော်ကွန်းတင် လက်ထပ်ပေးပါသော ဒုတိယတိုင်းတရားသူကြီးချုပ် ဦးဟန်ရှိန်၊ မင်္ဂလာလက်ထပ်လက်စွပ် ဆင်မြန်းပေးပါသော ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်နှင့်ဇနီး ဒေါ်တင်တင်လတ်၊ မင်္ဂလာညစာစားပွဲသို့ ကြွရောက်ချီးမြှင့်ပေးကြပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့်ဇနီးများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာပွဲဖြစ်မြောက်ရေးနှင့် ကျွေးမွေးဧည့်ခံရေးတို့အတွက် အစအဆုံးတာဝန်ယူ ပြည့်စုံအောင်စီစဉ်ပေးကြပါသော S.T.A.G Co., Ltd.နှင့် E.L.P.L Co., Ltd. မှဝန်ထမ်းများ၊ မင်္ဂလာဝတ်စုံများကို စေတနာပြည့်ဝစွာဖြင့် ဖန်တီးပေးသော မမိုးကလျာ၊ မမုံရွေးရည်(မိုးမခ)၊ တေးဂီတဖြင့်ဖျော်ဖြေဧည့်ခံပေးကြသော တေးသံရှင် မမီမီဝင်းဖေနှင့် အဖွဲ့သားများ၊ အခြားကျေးဇူးတင်ထိုက်သူ အားလုံးတို့အား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဒေါက်တာလှမော်ဝင်း–ကြည်ဖြူညွန့်

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ထားဝယ်မြို့၊ ဇရစ်ရပ်၊ ကလောင်ဆွေလမ်းနေ နှင့်
ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အလယ်ရွှေဂုံတိုင်လမ်းမကြီးနေ
ဦးကျော်သိန်း–ဒေါ်မြရီ
(စန်းရတနာရွှေဆိုင် ထားဝယ်မြို့၊ 'သိုက်'စိန်ရတနာဆိုင်၊ ဗိုလ်ချုပ်ဈေး)
တို့၏ တစ်ဦးတည်းသောသား

မောင်ကျော်မင်းမင်းလတ် (B.A History)
'သိုက်' စိန်ရတနာဆိုင်

နှင့်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ နံ့သာလမ်းနေ
ဦးကျော်ဇော(Director-Myan Aung Co.,Ltd)–ဒေါ်တင်မာစန်း
တို့၏သမီးငယ်

မကေမာခိုင် B.A (English), Dip in Global English
Air Bagan Ltd.

တို့၏ ၂၃–၁–၂၀၀၇ ရက် (အင်္ဂါနေ့) Traders Hotel ၌ကျင်းပသော မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပွဲတွင် လက်မှတ်ရေးထိုးပေးပါသော တရားရုံးချုပ် တရားသူကြီး ဦးခင်မြင့်နှင့်ဇနီးဒေါ်အေးခိုင်အားလည်းကောင်း၊ ၂၅–၁–၂၀၀၇ ရက် (ကြာသပတေးနေ့)တွင် နေအိမ်၌ပြုလုပ်သော မင်္ဂလာဦးဆွမ်းကျွေးတွင် ကြွရောက်ကြသော လူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ၂၇–၁–၂၀၀၇ ရက် (စနေနေ့)တွင် Sedona Hotel (Grand Ballroom)၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲ၌ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာစိန်လက်စွပ် ချီးမြှင့်ပေးပါသော ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်းနှင့်ဇနီး ဒေါ်ခင်မလတ်တို့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၏ ဇနီး ဒေါက်တာဒေါ်ခင်ဆန်းနွယ်အားလည်းကောင်း၊ တရားရုံးချုပ် တရားသူကြီး ဦးခင်မြင့်နှင့် ဇနီး ဒေါ်အေးခိုင်၊ ရဲမှူးချုပ်သန်းဟန်တို့အားလည်းကောင်း၊ Air Bagan Ltd မှ M.D ဦးစိုးဝင်းနှင့်ဇနီး ဒေါ်ဥမ္မာတို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးသိန်းလှမော်အားလည်းကောင်း၊ မင်္ဂလာအခါတော်ပေးသီဆိုပေးသော ဒေါ်တင်တင်မြနှင့် သီချင်းများကို တီးခတ်ပေးသော အေဝမ်းစိုးမြင့်နှင့်အဖွဲ့အားလည်းကောင်း၊ မင်္ဂလာဝတ်စုံများ ဖန်တီးချုပ်လုပ်ပေးသော မမဠူ၊ မိတ်ကပ်နှင့်ဆံပင် အလှဆင်ပေးသော စိုးစိုးနှင့်အဖွဲ့၊ ခင်စန်းဝင်းနှင့်အဖွဲ့၊ ပန်းများဖြင့် အလှဆင်ပေးသော Eternal Flowers ၊ ဓာတ်ပုံနှင့်ဗီဒီယိုဖြင့် မှတ်တမ်းတင်ပေးပါသော စိုးဘုန်းထူးနှင့်အဖွဲ့အားလည်းကောင်း၊ မင်္ဂလာဖိတ်စာရိုက်နှိပ်ပေးပါသော Love ပုံနှိပ်တိုက်အားလည်းကောင်း၊ မင်္ဂလာရှေ့ဆောင်လမ်းပြဖြင့် ဆောင်ရွက်ပေးပါသော သမီးလေး ချောခိုင်နိုင်ဆက်၊ မင်္ဂလာပန်းကြဲပေးသော ဖူးပွင့်ခိုင်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးဗန်း ကိုင်ဆောင်ပေးသော ယဉ်နွယ်စော(Air Bagan Ltd) မင်္ဂလာစိန်လက်စွပ်ဗန်း ကိုင်ဆောင်ပေးသော ခင်ယုယုမွန်တို့အားလည်းကောင်း၊ သတို့သားအရံအဖြစ် ဆောင်ရွက်ပေးသော မောင်နေမင်းသူနှင့် မောင်ဉာဏ်လင်းဖြိုး၊ သတို့သမီးအရံအဖြစ် ဆောင်ရွက်ပေးသော ပိုးစန္ဒီသန့်နှင့် စန္ဒီအောင်ထက်တို့အားလည်းကောင်း၊ Sedona Hotel (Pool Side)၌ ကျင်းပသော ညစာစားပွဲသို့ တက်ရောက်ချီးမြှင့်ပေးပါသော မောရဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်မောင်ဦးလွင်အားလည်းကောင်း၊ စစ်ဘက်နယ်ဘက်မှ ဂုဏ်သရေရှိ လူကြီးမင်းများအားလည်းကောင်း၊ တေးသံသာများဖြင့် ဖျော်ဖြေပေးပါသော စန္ဒရားဒေါက်တာ သိန်းမြင့်သန်းနှင့်အဖွဲ့၊ DJ ဝေလင်းဖြိုးတို့အားလည်းကောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြပါသော မိတ်ဆွေအပေါင်းအသင်းများအားလည်းကောင်း၊ Traders Hotel နှင့် Sedona Hotel တို့မှ မန်နေဂျာများနှင့် ဝန်ထမ်းများ၊ ဆွေမျိုးမိတ်သင်္ဂဟာအပေါင်းနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ကျော်မင်းမင်းလတ်–မကေမာခိုင်

ရွှေအစင်ပေါင်းသော ရှစ်သောင်းအိမ်ငါး အားမာန် ... စိုင်းတူဝါ ...
အတွဲ ၁.၂.၃ ဆိုင်ပေါ်ရောက်ပြီ ...

THE MASTERS
အင်္ဂလိပ်စကားပြော ❖ သဒ္ဒါနှင့်အရေး
အဆင့်မြင့်စာသင်ခန်းမ၊ (5,9,12) Feb; စမည်။ ☎-371359
234/240(၃)ထပ်၊ ဆူးလေမိုးကုတ်တာဝါ၊ ဆူးလေဘုရားလမ်းမ

ရောင်းရန်ရှိသည်
ရွှေပြည်သာမြို့နယ်အတွင်းရှိ လက်ရှိလည်ပတ်လျက်ရှိသော ရေသန့်စက်ရုံရောင်းရန်ရှိသည်။ (ရေသန့်စက် Auto+ ဘူးခွံကိုယ်ပိုင်မှိုအသစ်+အဖုံးကိုယ်ပိုင်မှိုအသစ်+လိုင်စင်ကျပြီး)
✱ စုံစမ်းရန် - ဖုန်း - ၇၂၈၂၀၃

▸ကြိုယ်တုစနစ်သုံး ငွေချင်တိုင်းတာရေးစက်များ စစ်ကိုင်းတိုင်းနှင့် ဘင်္ဂလားဒေ့ရှ် စစ်တကောင်းကြား ကန့်လန့်ဖြတ်တပ်ဆင်ရန်ညှိနှိုင်း
▸မြန်မာနိုင်ငံအတွင်း ရောဂါသုံးမျိုးတိုက်ဖျက်ရေး ဒေါ်လာ ၁၅ သန်းလှူ
▸အထပ်မြင့်တိုက်ခန်းများတွင်နေထိုင်လိုက မီးသတ်ဦးစီးဌာန၏ အကြံပြုချက် လိုက်နာရန်လိုအပ်
▸မျက်မမြင်များ အင်တာနက်ဖတ်ရှုနိုင်မည့်ဆော့ဖ်ဝဲ မကြာမီအသုံးပြုနိုင်
▸HIV ရှိနေလျက် သွေးလှူဒါန်းမှုများ ထိန်းချုပ်စနစ်ဖြင့်တားဆီးနိုင်ခဲ့
▸ယာဉ်များသံစုံပြည့်ကိရိယာတပ်ခွင့်မပြု ရောင်းသည့်ဆိုင်အရေးယူမည်
▸တယ်လီဖုန်းကြွေးကျန်များ SMS မှတစ်ဆင့် စုံစမ်းမေးမြန်းနိုင်
▸ဩစတြေးလျတွင် ပညာသင်ကြားလိုသူများအတွက် ဆွေးနွေးပွဲကျင်းပ
▸အချစ်ဆိုတာ အိုမင်းနေတဲ့ဥယျာဉ်လို့ပြောတဲ့ ဂျင်ကီုဟီး...စသည်ဖြင့်
NEWS WATCH WEEKLY
ထွက်ပြီ
စောင့် ကြည့် သ တင်း ဂျာ နယ်

ကွန်ပျူတာတက္ကသိုလ် ကျောင်းသားဟောင်းများ မိတ်ဆုံစားပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၉

ရန်ကုန်ကွန်ပျူတာ တက္ကသိုလ်(လှော်ကား) စတင်ဖွင့်လှစ်သည့်နှစ်တွင် ဆုံစည်းခဲ့ကြသည့် 15th Batch မှ ကျောင်းသား၊ ကျောင်းသူဟောင်းများ နဝမအကြိမ်မြောက် မိတ်ဆုံညစာစားပွဲကို ဖေဖော်ဝါရီ ၅ ရက် (တနင်္လာနေ့) ညနေ ၄ နာရီတွင် ဗဟန်းမြို့နယ် နတ်မောက်လမ်း မြေပဒေသာကျွန်းရှိ Dolphin Restaurant ၌ကျင်းပမည်ဖြစ်ရာ ဖုန်း– ၀၉ – ၅၁၃၆၇၄၈၊ ၀၉–၅၁၆၆၄၈၂၊ ၀၉–၅၁၄၄၂၁၀ နှင့် ၀၉–၅၁၅၄၅၀၈ တို့သို့ ဆက်သွယ်ကြရန် နှိုးဆော်ထားသည်။

(က–ပ)

အညောင်းထိုင် အကြောတက်သူများအားလုံး
သန္တမုနိ ကိုသုံး
ဆီး၊ ဝမ်း၊ လေ မှုန် ပေါ့ ပါး ကျန်းမာ၍
အာရုံကြော၊ လိပ်ခေါင်း၊ ထုံကျင်ကိုက်ခဲ၊ မျက်စိဝေ၊ မျက်ရည်ယိုကျ၊ တိမ်စွဲသူများနှင့် အထူးသင့်လျော်ပါသည်။

တက်မရပ်၊ ရှုက်မဖြတ်လှုပ်ရှားလော်ခတ်လျက်ရှိသည့်
ဂျာနယ်
အမှတ်(၅)တွင် အပတ်စဉ်တင်ဆက်လျက်ရှိသော ဆရာကြီးမင်းသိခ် ၏ လွယ်အိတ်ကြီးနဲ့လူ
အခန်းဆက်ဝတ္ထုရှည်နှင့်အတူ .....
မြန်မာ့ရိုးရာ တပို့တွဲလ ထမနဲပွဲ မျက်နှာဖုံးဆောင်းပါး။ လူငယ်ပရိသတ်အကြိုက် မိုးပြည့်ပြည့်မောင်၏ အင်တာဗျူး၊ ပြည်တွင်းသတင်း၊ ကိုရီးယားအနုပညာသတင်းများပါဝင်သည်။
အမှတ်(၁၀၅)၊ အခန်း(၀၀၄)၊ ၂၈-လမ်း(အလယ်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ - ၈၀ - ၃၂၅၈၆/ ၀၉ - ၅၀ - ၁၉၁၂၃။
၃၁၊၁၊၂၀၀၇ ဗုဒ္ဓဟူးနေ့တိုင်း ထွက်ပြီ

အင်္ဂါနေ့တိုင်း ထွက်နေပါပြီ
●ဟီလာရီကလင်တန် ၂၀၀၈ သမ္မတရွေးပွဲ ဝင်ရောက်ယှဉ်ပြိုင်မည် ●အီရတ်ကသတင်းစစ်ပွဲ ●ကင်မ်ဂျုံအီးလ် မြောက်ကိုရီးယားနိုင်ငံကို ဘယ်လိုထိန်းချုပ်ထားသလဲ ●ဆက်ဒမ်အစိုးရအဖွဲ့ဝင်အရာရှိဟောင်း ၁၀၀ ရုံးတင်စစ်ဆေးခံရမည်
နိုင်ငံတကာ သတင်းဂျာနယ်
●ရှန်ဟိုင်းလာဘ်ပေးလာဘ်ယူမှုနှင့် ဆက်နွယ်နေသူများအား ဖမ်းဆီး ●သက်ကြီးရွယ်အိုများ ချော်လဲခြင်းကို ကာကွယ်နိုင်ရန်အတွက်... ●ပရိုးမီးယားလိဂ် ပေါင် ၆၂၅ သန်းတန် ထုတ်လွှင့်ပြသခွင့်

ချောင်းဆိုးပြီးအသံဝင်အသံပျက်မှာလဲ မပူနဲ့
လိပ်ခေါင်းထွက်မှာလဲ မကြောက်နဲ့
နိုင်ငံကျော် ဖွန်ဆီ
သလိပ်ပျော်အသံကောင်းဆေးနဲ့ လိပ်ခေါင်းပျောက်ဆေးရှိတယ်
အမြို့မြို့ဆိုင်တိုင်းတွင်ရနိုင်ပါသည်။
တိုင်းရင်းဆေးမှတ်ပုံတင်အမှတ် - 0708YR06263 တိုင်းရင်းဆေးမှတ်ပုံတင်အမှတ် - 0708YR06286
ပင်ရင်း- အမှတ် (၂၆၁)၊ ရွှေဘုံသာလမ်း(အလယ်)၊ ရန်ကုန်မြို့။ ☎ 01-384651

ပဲခူးတိုင်း၊ မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်းတို့ရှိ စက်ရုံများ ဝန်ကြီး ဦးအောင်သောင်း လှည့်လည်ကြည့်ရှုစစ်ဆေး စက်များတိုးတက်လည်ပတ်နိုင်ရေး နည်းလမ်းရှာဖွေရန်မှာကြား

ရန်ကုန် ဇန်နဝါရီ ၂၉

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် မြန်မာ့စားသောက်ကုန်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးဦးစိုးလှိုင်နှင့် တာဝန်ရှိသူများနှင့်အတူ ဇန်နဝါရီ ၂၆ ရက်တွင် ပဲခူးတိုင်း ဇေယျဝတီ သကြားစက်ရုံ ကြိတ်လုံးဌာနသို့ရောက်ရှိပြီး ကြံရာသီကုန်ဆုံးပြီးနောက် စက်ရုံ၏ စက်ကိရိယာပစ္စည်းများ ပြုပြင်ခြင်းလုပ်ငန်းများ၊ ပျက်စီးသည့်အပိုင်းများကို စက်အရန် ပစ္စည်းများဖြင့် အစားထိုး လဲလှယ်ခြင်း လုပ်ငန်းများ၊ ကုန်ထုတ်လိုင်းတစ်လျှောက် စက်များပြုပြင်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး၍ လုပ်ငန်းပိုင်းဆိုင်ရာများကို တာဝန်ရှိသူများအား မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် ကြံချကွင်းသို့ ရောက်ရှိ၍ ရွှေ့လျားကရိန်းစက်များဖြင့် ကြံများ သယ်ယူခြင်းလုပ်ငန်းများ၊ ရွှေ့လျားခါးပတ်များဖြင့် ကြံများကို ဖြတ်စက်သို့ ပို့ဆောင်ခြင်းလုပ်ငန်းများ၊ ကြံသကာအိတ်များ၊ စက်ရုံ၏ ပြုပြင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် မွန်ပြည်နယ် ဘီးလင်းမြို့နယ် နောင်ရိုးကျေးရွာအနီး၌ မြန်မာ့စားသောက်ကုန်လုပ်ငန်းက ဆောင်ရွက်လျက်ရှိသော နောင်ရိုးကြံစိုက်ကွင်းသို့ ရောက်ရှိ၍ စိုက်ကွင်းများပြုပြင်မှု လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးလှိုင်က ကြံစိုက်ခင်းဧက ၅၀၀ စိုက်ပျိုးမှုအခြေအနေ၊ မြေပြုပြင်မှု အခြေအနေများကို တည်နေရာပြမြေပုံဖြင့် ရှင်းလင်းတင်ပြပြီး ဝန်ကြီးက ကြံအထွက် တိုးရေး စီမံဆောင်ရွက်သွားရန် မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် မွန်ပြည်နယ် မြန်မာ့စားသောက်ကုန်လုပ်ငန်း ဘီးလင်းသကြား

စာမျက်နှာ ၇ ကော်လံ ၁ သို့ ➪

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း မွန်ပြည်နယ် ဘီးလင်းသကြားစက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပုံညာတောင်တန်းကို အောင်မြင်စွာဖြတ်သန်းခြင်း

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ – သန့်ဇင်ထွန်း(ကြေးမုံ)

ရန်ကုန် ဇန်နဝါရီ ၂၉

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက တာဝန်ယူဖောက်လုပ်ပြီးစီးသွားသည့် ပခုက္ကူ–ဂန့်ဂေါ–ကလေး ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း၏ ကျော–ရေမျက်နီ ရထားလမ်းပိုင်းနှင့် ပုံညာတောင်ဥမင်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၇ ရက်တွင် မကွေးတိုင်း ဂန့်ဂေါမြို့နယ် ကျောကျေးရွာ ဘူတာရုံရှေ့ရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်ချီးမြှင့်ခဲ့သည်။

ဤပခုက္ကူ–ဂန့်ဂေါ–ကလေး ရထားလမ်းပိုင်းသည် စုစုပေါင်း မိုင်အရှည် ၂၂၆ မိုင်ကျော်ရှိသည်။ ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ် အနောက်ဘက်ခြမ်းဒေသ၊ ပုံတောင်ပုံညာဒေသနှင့် မြစ်သာချိုင့်ဝှမ်းဒေသများ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြင့် လမ်းပိုင်းအလိုက်ဖောက်လုပ်ခဲ့ရာ ပခုက္ကူ–မြို့စိုးလမ်းပိုင်းကို ၁၃–၁၁–၉၄ရက်နေ့တွင်လည်းကောင်း၊ မြို့စိုး–ဓနိပြားလမ်းပိုင်းကို ၁၈–၃–၉၅ ရက်နေ့တွင်လည်းကောင်း၊ ကလေး–နတ်ချောင်းလမ်းပိုင်းကို ၂၃–၄–၉၅ရက်နေ့တွင်လည်းကောင်း၊ နတ်ချောင်း–ဂန့်ဂေါလမ်းပိုင်းကို ၅–၂–၉၆ ရက်နေ့တွင်လည်းကောင်း၊ ဓနိပြား–ကျောလမ်းပိုင်းကို ၉–၄–၉၇ရက်နေ့တွင်လည်းကောင်း၊ ဂန့်ဂေါ–ရေမျက်နီ လမ်းပိုင်းကို ၁၇–၇–၉၇ ရက်နေ့တွင် လည်းကောင်း အသီးသီးဖောက်လုပ်ပြီးစီးပြီး ဖွင့်လှစ်နိုင်ခဲ့သော်လည်း ရေမျက်နီနှင့် ကျောဘူတာအကြား ဥမင်အပါအဝင် လမ်းပိုင်းအရှည် ၂၇ ဒသမ ၆ မိုင်မှာမူ ပေ ၃၀၀၀ ကျော်မြင့်သည့်

စာမျက်နှာ ၆ ကော်လံ ၁ သို့ ❍



ပုံညာတောင်ဥမင်အတွင်းမှ အထူးရထားကြီး ဖြတ်သန်းခုတ်မောင်းထွက်လာစဉ်။

NLD ပါတီ၏လုပ်ရပ်များကို စိတ်ပျက်၊ ပါတီနှင့် ပါတီခေါင်းဆောင်များအပေါ် ယုံကြည်လေးစားမှုမရှိ ဓနုဖြူမြို့နယ် NLD ပါတီဝင်ခုနစ်ဦးနုတ်ထွက်

ရန်ကုန် ဇန်နဝါရီ ၂၉

ဧရာဝတီတိုင်း ဓနုဖြူမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များ ဖြစ်ကြသော အုန်းပင်ကွင်းကျေးရွာမှ ဦးအောင်ငြိမ်း၊ ဦးအေးကြည်နှင့် ဦးမောင်ဦး၊ ရေကြည်ကျေးရွာမှ ဦးစိုးတင့်၊ ကမ်းငူကြီးကျေးရွာမှ ဦးချစ်ဝင်း၊ တမြာကျေးရွာမှ ဦးတင့်လွင်နှင့် ငါးဘတ်အိုင်ကျေးရွာမှ ဦးရွှေဝင်းတို့သည် ဇန်နဝါရီ ၉ရက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ကြောင်း ၎င်းတို့၏ ဆန္ဒအလျောက် နုတ်ထွက်လွှာများကိုလက်မှတ်ရေးထိုးကာ အမျိုးသားဒီမို ကရေစီ အဖွဲ့ချုပ် (NLD) ဌာနချုပ်သို့လည်းကောင်း၊ သက်ဆိုင်ရာဒေသအာဏာပိုင် အဖွဲ့အစည်းများသို့လည်းကောင်း နုတ်ထွက်လွှာများ ပေးပို့နုတ်ထွက်ခဲ့ကြသည်။

ဓနုဖြူမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေး ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာတွင် NLDပါတီ၏လုပ်ရပ်များကို စိတ်ပျက်လာခြင်း၊ NLD ပါတီနှင့် ပါတီခေါင်းဆောင်များအပေါ် ယုံကြည် လေးစားမှုမရှိတော့ခြင်းတို့ကြောင့် ၎င်းတို့၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ (သတင်းစဉ်)

ထူးခြားသည့် ညအပူချိန်များ

၂၉-၁-၂၀၀၇

လားရှိုးနှင့်ဟားခါး	၂ ဒီဂရီ စင်တီဂရိတ်
ပင်လောင်း	၃ ဒီဂရီ စင်တီဂရိတ်
ရန်ကုန်	၂၀ ဒီဂရီ စင်တီဂရိတ်